# အုတ်ဂူနှစ်လုံး



## မင်းစကြာ

(သရဲ၊ တစ္ဆေ၊ ဖုတ်၊ ကျွတ် တို့အကြောင်း)

တရေပ ၉

ဖိုးရာဇာစာအုပ်

လုံ့လ, ဝီရိယ, ပညာ
ခ, ဝပ်ညှောင်းလာ
လယ်သမား, စာသမား ဖိုးရာဇာ . . .။

ပဥ္စ ဂုဏ်ံ အဟံ ဝန္ဒာမိ

# အတ်ဂူနှစ်လုံး


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ပထမအကြိမ်<br>၂၀၁၃ ခုနှစ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်ခင်ချိုချိုမြင့်<br>ကောင်းဆုအော့ဖ်ဆက်<br>အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊<br>၁၃ ရပ်ကွက်၊ ရန်ကင်း။ |
| ထုတ်ဝေသူ | - | ဦးသန်းထွင့်အောင် (မြ ၀၃၉၆၇)<br>အမှတ် ၂၇၁၊ လမ်း(၄၀)(အထက်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | ဦးသန်းထွင့်အောင် (မြ ၀၃၉၆၇)<br>အမှတ် ၂၇၁၊ လမ်း(၄၀)(အထက်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | - | ကိုထွင့် (ဖိုးရာဇာစာပေ)<br>ဖုန်း - ၀၉ ၄၃၀ ၆၇၇၉၆ |

မင်းစကြာ

အတ်ဂူနှစ်လုံး - ရန်ကုန်

မြတ်စာပေ၊ ၂၀၁၃။

၂၀၆-စာ၊ ၁၂ × ၁၈ စင်တီ

အတ်ဂူနှစ်လုံး

# မင်းခကြာ

## အုတ်ဂူနှစ်လုံး

ဖိုးရာဇာစာပေ
အမှတ် ၂၇၁၊ လမ်း(၄၀)(အထက်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀ ၆၇၈၉၆


# မာတိကာ


၁။ သုံးထပ်ကျောင်း

၂။ အုတ်ဂူနှစ်လုံး

၃။ ထန်းနှစ်ပင်

၄။ မှတ်စုစာအုပ်



[illegible]

[illegible]

[illegible]

# သုံးထပ်ကျောင်း

မြို့…

ကျွန်တော် တာဝန်ကျသော မြို့လေးဖြစ်သည်။ ကျွန်တော်တို့ ၎င်းမြို့လေးကို မနေ့က ရောက်ရှိလာသည်။ တာဝန်က ဒီလမ်း၊ ဒီမြို့မှ အလံတော်သယ်ရာလမ်းဖြစ်၍ ကျွန်တော်တို့တပ်စုထဲမှ ကျွန်တော်တို့လေးဦးကို၎င်းမြို့လေးမှာ တာဝန်ပေးခဲ့သည်။

ကျွန်တော်တို့ ရောက်နေသော မြို့လေးက ပုသိမ်မြို့သို့ သွားရာလမ်း၊ ငါးသိုင်းချောင်းနှင့် ရေကြည်မြို့ကြားဆိုလျှင် မမှားပါ။ အလံတော်က ဒီတစ်ရက်၊ နှစ်ရက်အတွင်း ရောက်လာ

မှာဖြစ်သည်။ ကျွန်တော်တို့က ကြိုတင်၍ လမ်းကြောင်းရှင်းပေး ရပြီး ၎င်းမြို့လေးမှာ စခန်းချရမှာ ဖြစ်သည်။

ကျွန်တော် (စစ်နိုင်) အပါအဝင် တပ်သား ၃ ယောက်နဲ့ အတူ တာဝန်ထမ်းဆောင်ရမှာ ဖြစ်သည်။ ကျွန်တော်ကတော့ တပ်ကြပ်ကြီး အဆင့်သာ ဖြစ်သည်။ ကျွန်တော့်အောက်မှ တပ်သား မောင်ထူးသော်၊ မောင်ရန်နိုင်ဖြိုးနှင့် မောင်အုံးကျော် တို့ဖြစ်သည်။

ကျွန်တော်တို့ ၎င်းမြို့လေးသို့ရောက်လာသည်မှာ ညနေ စောင်းနေပြီ ဖြစ်သည်။ အဝေးပြေးလမ်းဖြစ်လို့ ကားကား နည်းနည်းရှင်းသည်။

ဒါပေမဲ့ ကားတစ်စီးနဲ့ တစ်စီးက ၅ မိနစ် လောက်တောင် မခြားပါ။ ပုသိမ်သွား ကားလမ်းဆိုတော့ လိုင်း ကားများ၊ ခရီးတို၊ ခရီးရှည် လိုင်းများကြောင့် မပြတ်ပါ။ ကျွန်တော်တို့က ကားလမ်းဘေးရှိ အရိပ်ရသော တစ်နေရာတွင် တာဝန်ယူပြီး စောင့်ရမည်ဖြစ်သည်။

ထိုအချိန်တွင် မိုးလေး ညို့လာသည်။ ထိုအခါ တပ်သား အုန်းကျော်က...

"ဆရာ... မိုးရွာတော့မယ်... ကျွန်တော်တို့ ဘယ်မှာ ခိုရ

မှာလဲ၊ ဒီမှာက ခဏပဲရမှာ၊ ယူနီဖောင်းတွေစိုရင် ကျွန်တော်တို့ တစ်ညလုံး ဒုက္ခရောက်မှာနော်...”

“အေးပါကွ... **မင်းတို့ ဒီနားမှာပဲ အရိပ်ခဏခိုပြီး** စောင့်နေ၊ ငါနဲ့ ထူးသော် နေရာရှာလိုက်မယ်”

အုံးကျော်နဲ့ မောင်ရန်နိုင် နှစ်ဦး ကုက္ကိုပင်ဘေးရှိ မလှမ်းမကမ်းက အကြော်တဲ နားသို့ သွားပြီး မိုးခိုရန် သွားလေသည်။ ကျွန်တော်နဲ့ တပ်သားထူးသော်က ပတ်ဝန်းကျင်ရှိ မြို့ရဲ့အခြေအနေနဲ့ ပတ်ဝန်းကျင်ကို လိုက်ပြီး လေ့လာလိုက်သည်။

ထိုအချိန်တွင် မိုးက ရွာဖို့ ဟန်တပြင်ပြင်ဖြင့် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်း၍ လာသည်။ လေနအေးလေးလည်း တိုက်ခတ်လာသည်။ တစ်ချက်တစ်ချက် လျှပ်စီးဖြင့် ဝင်းခနဲ ဝင်းခနဲ အလင်းတန်းလေးများ ပေါ်ပေါ်လာသည်။

အချိန်ကလည်း ညဘက်သို့ ရောက်လုနီး ပတ်ဝန်းကျင်မှာ မှောင်လာတော့သည်။ ထိုအခါ စစ်နိုင်နဲ့ တပ်သား ထူးသော်တို့ သူတို့ တပ်ချနားသော နေရာနဲ့ တစ်ဖာလုံ ကျော်ကျော်သို့ ရောက်လာပြီးနောက် စစ်နိုင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို လှမ်းတွေ့လိုက်ရသည်။

ဘုန်းတော်ကြီးကျောင်းမှာ ကားလမ်းဘေးမှ နည်းနည်း

သာ ဝင်ရသည်။ ကားလမ်းမကို လည်း လှမ်းမြင်နေရသည်။ သူတို့ရောက်နေသော နေရာကနေပြီး ဂုင်းဘုန်းတော်ကြီး ကျောင်းကို မြင်နေရ၍ ...

"ဒီတစ်ညတော့ ဘုန်းဘုန်းကို လျှောက်တင်ပြီး၊ ခိုနားဖို့ ပြောရမှာပဲ... မိုးကလည်း ရွာတော့မယ်ဆိုတော့ အကူအညီ တောင်းကြည့်ရမှာပဲ..."

ဟု စစ်နိုင်က တွေးကာ ကားလမ်းမမှ ဘုန်းတော်ကြီး ကျောင်းနားသို့ လျှောက်လာခဲ့သည်။ ဘုန်းတော်ကြီးကျောင်းက အဝေးမှ စုလစ်မွန်းချွန်ဖြင့် ရွှေဝါရောင်တဝင်းဝင်း တောက်နေ သည်။ ကျောင်းမှာ ၃ ထပ်တိုက်ကျောင်းဖြစ်သည်။ ဂုင်းကျောင်း မှာ မြို့ပြင်ဖြစ်၍ ကားလမ်းမဘေးမှာ ထီးထီး တစ်ဆောင်တည်း ဖြစ်နေသည်။ မြို့ဆိုပေမယ့် ကားလမ်းမှ အထဲသို့ နည်းနည်းတော့ ဝင်ရသည်။

သူတို့ နားနေသောနေရာမှာသာ ကားလမ်းဘေး စား သောက်ဆိုင်တန်းက များပေမယ့် သိပ်ပြီးတော့ မစည်ကားပါ။

အဝေးပြေးကားလမ်းဖြစ်၍ တချို့ကားများက မရပ်ပါ။ မြို့သေး၍လား ဒါမှမဟုတ် မိုးချုပ်၍လားတော့ မသိပါ။ သူတို့ ရောက်လာသည့်အချိန်မှာ နားနေသော ကားများ သိပ်မတွေ့ပါ။

ယခုလည်း သူတို့ ဘုန်းတော်ကြီးကျောင်းသို့ လာတဲ့ ကားလမ်းနှင့် မြို့ထဲသို့ဝင်သော လမ်းမှာလည်း လူရှင်းနေသည်။

ကျောင်းကတော့ စုလစ်မွန်းချွန်ဖြင့် ကြည့်ရတာတော့ တင့်တယ်လှပေသည်။

"အင်း...ဒီဘုန်းဘုန်းက ဒီမြို့မှာ အချမ်းသာဆုံးဘုန်းဘုန်း များလား... ကျောင်းကြီးက သုံးထပ်တောင်ဆိုတော့ ရှားရှား ပါးပါးပဲ"

စစ်နိုင် တွေးမိသည်။ တွေးယင်း စစ်နိုင်နဲ့ ထူးသော် ဘုန်းကြီးကျောင်းဝင်းသို့ဝင်ရန် ကြည့်လိုက်သောအခါ ခြံဝင်း တံခါးက ပျက်နေသည်။ ခြံတံခါးက တစ်ဖက်သို့ ယိုင်လဲမလိုဖြစ် နေတာ တွေ့လိုက်ရသည်။ ၎င်းခြံဝင်းနဲ့ ကျောင်းက နည်းနည်း တော့ လှမ်းသည်။

စစ်နိုင်တို့ အထဲသို့ လှမ်းဝင်ခဲ့ရာ ထိုအခါ မထင်မှတ် သောအသံ...

"ဝိုး...ဝိုး...ဝိုး...ဝို..."

"ဒေါက်...ဒေါက်..."

"ဟာ...အမလေး..." (စစ်နိုင်အသံ)

"အမလေးဗျ...လုပ်ပါဦး..." (ထူးဇော်အသံ)

"ဟာ... ဘယ်လိုဖြစ်တာလည်း ... ဘယ်သူလဲကွ ခဲနဲ့ ပစ်တာ"

စစ်နိုင်က ဒေါသဖြစ်ပြီး မေးလိုက်သည်။ ခဲလုံးက သူ၏ ခေါင်း ချိုစောင်းကိုရှပ်ထိကာ သွေးနားဖြတ် သွားသည်။ ခဲလုံးက တစ်လုံးတည်းမဟုတ်ပါ။ လေး... ငါးလုံးလောက် ရှိမည်။ ထိုအခါ စစ်နိုင်တို့ကျောင်းနားရောက်လာ၍ ကျောင်းထဲသို့ယခုမှ ကြည့်မိသည်။ မီးလည်း မထွန်းထားပါ။ ညကလည်း မှောင်နေပြီ မဟုတ်ပါလား။

မြို့မကျ တောမကျဖြစ်၍ လျှပ်စစ်မီးများ မရလို့ မထွန်း တာလားလို့ ထင်မိသည်။ ထိုအခါ အနားရောက်မှ သေသေ ချာချာကြည့်တော့ လူလည်း တစ်ယောက်မှ မတွေ့ပါ။

စစ်နိုင် ဒေါသပိုပြီး ဖြစ်မိသည်။ ဘယ်သူမှန်းမသိဘဲ သူတို့ကို ခဲနှင့်ပစ်၍ ပြေးသွားသူကို သူတို့ မမြင်လိုက်ရ၍ ပိုပြီး ခံပြင်းနေမိသည်။

ခဲနှင့်ပစ်ပြီး ပြေးရင်လည်း ခြေသံက ကြားရမည်ဖြစ် သည်။ သူကိုလာမှန်သော ခဲလုံးကို ကောက်ယူကြည့်လိုက်သော အခါ အုတ်နီခဲလည်း မဟုတ်၊ လမ်းခင်းတဲ့ကျောက်လည်း မဟုတ်ပါ။ သေသေချာချာကြည့်လိုက်တော့ ကျောက်စရစ်ခဲလုံး

လေးများဖြစ်နေတာ တွေ့လိုက်ရသည်။

ထိုနေရာ ထိုဒေသမှာ ကျောက်စရစ်ခဲလုံးက ဘယ်က ဘယ်လိုရောက်ပြီး ဘယ်သူကများ ပစ်ပါလိမ့်ဟု စဉ်းစားမရ ဖြစ်မိသည်။

ဒေါသက မပြယ်သေးပါ။ ကျောင်းထဲမှာက မှောင်နေ၍ ဘယ်သူမှမရှိဘူးဆိုတာ သေချာသွားသည်။ သေချာသွားအောင်လည်း အကြိမ်ကြိမ် အော်ခေါ်ခဲ့သေးသည်။

မည်သူမှလည်း ထူးသံ မကြားပါ။ ဒါနဲ့ စစ်နိုင်နဲ့ ထူးသော်တို့ ကင်းချခဲ့သော တပ်သားနှစ်ယောက်ကို ဒီည ဒီမှာ နားဖို့အတွက် ထူးသော်ကို လွှတ်ပြီး ခေါ်ခိုင်းလိုက် သည်။

တပ်သား ထူးသော်လည်း စစ်နိုင်ဆီမှ အမိန့်ရ၍ ချက်ချင်းပဲ သူ၏ လူများကိုခေါ်ရန် ထွက်လာခဲ့သည်။ ထိုအခါ ကျောင်းရှေ့တွင် စစ်နိုင်တစ်ဦးတည်းသာ ကျန်ခဲ့သည်။ ထိုအခါ...

"ဟား... ဟား... ဟား..."

ရယ်သံတစ်ခု ကြားရသည်။ ၎င်းရယ်သံက ကျောင်းပေါ်မှဖြစ်သည်။ ကြည့်လိုက်တော့ မှောင်ထဲ မည်းမည်းမှာ ဘယ်သူမှ မရှိဘဲ ရယ်သံက ထွက်လာသည်။ ထို့နောက်...

"ဒုတ်... ဒုတ်... ဒုတ်... ဒုတ်..."

လှေကားပေါ်မှ အရာဝတ္ထုတစ်ခုခု ပစ်ချလိုက်သော အသံတစ်ခါထပ်ကြားရပြန်သည်။ လှေကားက သုံးထပ်ကျောင်း ရဲ့ဘေးမှာ တစ်ခုရှိသည်။ ထိုလှေကားမှ အရာဝတ္ထုတစ်ခု လိမ့်ပြီး ကျလာသည်။

စစ်နိုင်တို့က စစ်သားတွေဆိုတော့ ကြောက်စိတ်တော့ မရှိပါ။ ဒါပေမဲ့ နည်းနည်းတော့ လန့်နေသည်။ ဘာဖြစ်လို့လဲဆို တော့ ခုနကလို အဝေးကနေ ခဲနဲ့ဖြစ်ဖြစ်၊ တခြားတစ်ခုခုနဲ့ ပစ်မှာ တော့ ကြောက်သည်။

စစ်နိုင်လည်း လှေကားပေါ်မှ ကျလာသော အသံလာရာ ဆီသို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အပေါ်ဆုံးထပ်မှ အုန်းသီးခြောက်တစ်လုံး ကျလာတာ တွေ့လိုက်ရသည်။

ဒါဆိုရင် အပေါ်ဆုံးထပ်မှာ တစ်ယောက်ယောက် ရှိနိုင် သည်။ သူတို့လာမှာစိုးလို့ မလာရဲအောင် တစ်ယောက်ယောက် များ ဟန့်တားနေသလားလို့ထင်မိသည်။

အပေါ်မှာ ရှိတဲ့လူက လူကောင်းလား၊ စိတ်မနှံ့တဲ့ သူလား၊ ဒါမှမဟုတ် ကလေးတွေများ လာဆော့နေကြတာလား လို့ တွေးမိသည်။

ထိုအခါ စစ်နိုင်က မသင်္ကာ၍...

"ဟိတ်...ဘယ်သူရှိလဲ...အပေါ်မှာ..."

ဆိုပြီး ခဏစောင့်ကြည့်လိုက်သည်။ ဘာသံမှ ပြန်ပြော သံ မကြားရပါ။ ဒါနဲ့ ဒုတိယအကြိမ် ထပ်ပြီး...

"ဟဲ့... အပေါ်မှာ ဘယ်သူရှိလဲလို့ မေးနေတယ်လေ... မကြားဘူးလား"

စစ်နိုင်လည်း ဒုတိယအကြိမ်ထပ်ပြီး မေးလိုက်သည်။ ဒုတိယအကြိမ်မေးလည်း ဘာမှ ပြန်လာသံ မကြားရပါ။

ထိုအချိန်တွင် သူနားသို့ ရဲဘော်များ ရောက်လာကြ သည်။

"ဆရာ.. ကျွန်တော်တို့ ရောက်လာပြီ"

"အေး... ရဲဘော် အုံးကျော်က ကျောင်းရှေ့မှာ ကင်း စောင့်ကျန်ခဲ့... ကျန်တဲ့ရဲဘော်နှစ်ယောက်က ငါနဲ့ လိုက်ခဲ့ ကျောင်းထဲမှာ ဘုန်းဘုန်းရှိရင် လျှောက်ပြီး ဒီမှာ တစ်ညနား ရအောင်"

ဟု စစ်နိုင်က ပြောပြီးကျောင်း၏အပေါ်ဆုံးထပ်သို့တက် လာခဲ့ကြသည်။ သူ ထင်တာကတော့ ဆရာတော်ဘုရားဒီအပေါ် ဆုံးထပ်မှာ ကျိန်းနေတယ်လို့ ထင်မိသည်။

သူ တွေးနေစဉ်...

"ဟိတ်...ငါ့ကျောင်းပေါ်ကို ဘယ်သူမှ မလာနဲ့..."

ဟင်...အသံက ဩနေသလားလို့...ဆရာတော်ရဲ့အသံက ဘယ်လိုလဲ... အောင်မြင်သောအသံရှင်မဟုတ်ဘဲ အသံက ဩနေသည်၊ ပါးစပ်ထဲမှာ ကွမ်းများဝါးပြီး ပြောနေသလားလို့ ထင်မိသည်၊

ထိုအခါ သူတို့ သုံးဦး ကျောင်းပေါ်သို့ တက်ရန် အလုပ်တွင်...

"ဝုန်း..."

"ဟာ..."

"ဟင်..."

"အမလေး..."

ဟု သုံးယောက်သား သံပြိုင် အော်လိုက်မိသည်၊ ထိုသို့ အော်လိုက်ပြီး "ဝုန်း" ဆိုသော အသံကျလာရာနေရာသို့ ကြည့်လိုက်သောအခါ အမှောင်ထဲတွင် မျက်လုံးနှစ်လုံးသာ မြင်ရသည်၊

ထိုအခါ စစ်နိုင်က ဓာတ်မီးဖြင့် ကျသောနေရာသို့ ထိုး ကြည့်လိုက်ရာ ကြောင်တစ်ကောင် ဖြစ်နေတာ တွေ့လိုက်ရသည်၊

"ဟာ...ဟူး...တော်ပါသေးရဲ့"

ရန်နိုင်က ကြောက်ပြီး အော်လိုက်သောကြောင့် သူ ကိုယ်သူ အားပေးလိုက်သည်၊ ဒါနဲ့ သူတို့ အောက်ထပ်မှကျော်ပြီး ဒုတိယထပ်သို့ ရောက်လာသည်၊

အောက်ထပ်ကိုတော့ တံခါးသော့ခတ်ထား၍မဝင်ခဲ့ပါ၊ ဆရာတော်များ အပေါ်မှာများ ရှိမယ်ထင်လို့ အပေါ်သို့တက်ရန် စိတ်ကဖြစ်မိသည်၊

ယခုလည်း ဒုတိယထပ်သို့ ရောက်လာသည်၊ ဒုတိယ ထပ်က တံခါးမှာ သစ်သားတံခါးများဖြစ်၍ အဖွင့်အပိတ် အသုံး မပြုတာ ကြာ၍ တံခါးနှစ်ချပ်ကြားမှ ဟတတလေးဖြစ်နေတာ တွေ့ရသည်၊ ဒါကြောင့် စစ်နိုင်လည်း တံခါးနှစ်ချပ်ကြားမှ ဓာတ် မီးထိုးကာ အထဲသို့ ချောင်းကြည့်လိုက်သည်၊ အထဲတွင် ဘာမှ တော့ မရှိပါ၊

ကုတင်နှစ်လုံးနဲ့ ဘီဒိုလေးတစ်လုံးသာ ရှိသည်၊ လူလည်း တစ်ယောက်မှ မရှိပါ၊ စစ်နိုင်က နည်းနည်းဖတော့ စိတ် ဝင်စားသွားသည်၊

အောက်ထပ်မှာက သော့ခတ်ထားသည်၊ ဒုတိယ အထပ်မှာလည်း တစ်ယောက်မှ မရှိဘဲ တံခါးသော့ခတ်ထား

သည်၊ ဒါဆိုရင် အပေါ်ဆုံးထပ်မှာများ လူရှိနိုင်တယ်ဟု စိတ်ထဲမှ ထင်ပြီး အပေါ်ဆုံးထပ်သို့ ဆက်ပြီး တက်လာခဲ့သည်။

ထိုအခါ…

"ကွီ… ကွီ… ကွီ…"

"ဟင်… ဘာသံလဲကွ၊ မင်းတို့ကြားလား"

စစ်နိုင်က ကျန်တပ်သားနှစ်ယောက်ကို မေးလိုက်သည်။ ထိုအခါ တစ်ဦးက…

"ဟုတ်ကဲ့… ဆရာ၊ ကြားပါတယ်… မျောက်အော်သံနဲ့ တူတယ်"

ဟု ထူးသော်က ပြန်ဖြေလိုက်သည်။

ထိုအခါ သူတို့ သုံးဦး အပေါ်သို့ ရောက်လာသည်။ အပေါ်သို့ ရောက်၍ တံခါးကိုကြည့်လိုက်တော့ သော့ခတ်ထားတာ တွေ့ရသည်။ ဒါပေမဲ့ ရုတ်တရက်မို့ သော့ခလောက်က တန်းလန်းဖြစ်နေ၍ သော့ခတ်ထားသည်ဟု ထင်လိုက်သည်။

သေချာ စစ်ဆေးကြည့်လိုက်တော့ သော့က ပြုတ်နေသည်၊ တံခါးရွက် ပတ်တာလည်း ကွာဟနေတာ တွေ့ရသည်။ အထဲမှာလည်း ဘာအသံမှ မကြားရပါ။ အထဲသို့ ပတ်တာကွာနေ၍ ဖွင့်ပြီးဝင်လိုက်သောအခါ မျောက်နှစ်ကောင်ကို ရုတ်တရက်

တွေ့လိုက်ရသည်။

အထဲမှာ ဆရာတော်လည်း မတွေ့ပါ။ မျောက်များက သူတို့ဝင်လာ၍ကျောင်းခေါင်မိုးပေါ်ခုန်တက်ကာ အမိုး၏အပေါ် ဖက် လေဝင်ပေါက်မှ ထွက်သွားကြသည်။ သူတို့ ထွက်သွားတာ အပေါက်နဲ့ ဘေးရှိသစ်ပင်နဲ့ ဆက်နေ၍ သစ်ပင်ပေါ်သို့ ခုန်ကာ ကူးသွားကြသည်။

စစ်နိုင်တို့လည်း ဘယ်သူမှမရှိသော ကျောင်းတွင် ဘယ်သူ့ကိုမှလည်းပြောစရာမလိုဘူးဟုထင်ပြီး သူတို့ဝိုင်းအပေါ် ထပ်မှာပင် နားဖို့ လုပ်လိုက်ကြသည်။

ကုတင်တစ်လုံးလည်း အဆင်သင့် ရှိသည်။ တံခါး၏ နောက်တွင် တံမြက်စည်း တစ်ချောင်းပါ အဆင်သင့် တွေ့ရ သည်။ တစ်ခန်းလုံးလည်း ဖုန်များ ကပ်နေ၍ တံမြက်စည်းဖြင့် တော်တော်လှဲယူရသည်။

ထို့နောက် အခန်းတစ်ခန်းပိတ်ထားတာ တွေ့သည်။ တံခါးဂျက်မထိုးထား၍ အထဲသို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက် သည်။ ဖျာလိပ်နှစ်လိပ် ထောင်ထားတာ တွေ့လိုက်သည်။ ဘီဒို တစ်လုံးလည်း တွေ့ရသည်။ ဘီဒိုထဲတွင် ပန်းကန်၊ ခွက်၊ ဇွန်း အနည်းအကျဉ်း တွေ့ရသည်။

စစ်နိုင်တို့အခန်းထဲမှ ဖျာလိပ်နှစ်လိပ်ကို ယူလိုက်သည်။ ပြီးနောက် သူတို့ သုံးဦး အခန်းထဲတွင် ပင်ပန်းနွမ်းနယ်နေ၍ နားလိုက်သည်။

စစ်နိုင်နဲ့ ရန်နိုင်ဖြိုးက နားပြီး ထူးသော်က ကင်းချထားလိုက်သည်။ အောက်တွင်လည်း အုန်းကျော်က ခြံဝတွင် စောင့်ကျန်ခဲ့သည်။

အုံးကျော်က ပတ်ဝန်းကျင်မှာ လူအသွားအလာမရှိ၍ သူလည်း အနားတွင်ရှိသော အုတ်တိုင်ကို မှီလိုက်သည်။ ထိုအခါ...

"ဒေါက်...ဒေါက်..."

"ဝုန်း...ဝုန်း..."

ဟူသော တစ်ခုခုဖြင့် ပစ်ပေါက်လိုက်သော အသံများ ကြားရသည်။ အသံများက သူ့နားတွင် လာကျသံများဖြစ်သည်။ အုံးကျော်လည်း ပတ်ဝန်းကျင်ကို လျှောက်ကြည့်သည်။ ဘယ်သူမှလည်း မတွေ့ပါ။ ထိုအခါ အုံးကျော်လည်း ...

"ဟုတ်မှ ဟုတ်ရဲ့လား... ဘယ်သူများ ပစ်ပေါက်နေပါလိမ့်..."

သူလည်း နည်းနည်းတော့ ကြောက်လာမိသည်။

ကျောင်းပေါ်သို့ တက်သွားသော သူများလည်း ယခုထိပြန် မဆင်း လာသေးပါ။

ထိုအချိန်တွင် ထူးသော်လည်း ကျောင်း၏ပြတင်းတံခါး ဖွင့်ကာ ကျောင်းအောက်တွင် ကျန်ခဲ့သော အုံးကျော်ကို လှမ်း ကြည့်လိုက်သည်။ အုံးကျော်နဲ့ သူက နည်းနည်းတော့ လှမ်းတာ တွေ့ရသည်။ ဒါပေမဲ့ သူတို့ထားခဲ့သောနေရာတွင် အုံးကျော် မရှိ တော့ပါ။ သူလည်း နည်းနည်း စိုးရိမ်သွားမိသည်။

ထိုအချိန်တွင် စစ်နိုင်နဲ့ ရန်နိုင်ဖြိုးတို့မှာ အိပ်ပျော်နေကြ သည်။ သူတို့ပြီးရင်တော့ သူ့အလှည့်က နောက် လေးနာရီခြားမှ နားရမည်ဖြစ်သည်။

ထိုအခါ စစ်နိုင်တစ်ယောက်မှာ အိပ်မက် မက်နေသည်။ အိပ်မက်ထဲတွင် တစ်ကိုယ်လုံး အဝါရောင် ခြုံထားသော လူတစ် ယောက် သူ့နားသို့ ရောက်လာသည်။

ခေါင်းတစ်ခုလုံးပါ ခြုံထား သည်။ မျက်နှာကတော့ ခြုံထားသော ပိတ်စကြောင့် မမြင်ရပါ။ ၎င်းအဝါရောင် တစ်ကိုယ် လုံးခြုံထားသော သူက ...

"ဟိတ်ကောင်တွေ... ထ... ထ... မင်းတို့ ဒီကနေ အမြန် ဖယ်ပါ၊ ဒါဟာ ငါ့နေရာပဲ ဘယ်သူမှ လာလို့မရဘူးဆိုတာ မင်းတို့

မသိဘူးလား…"

ထိုအခါစစ်နိုင်က …

"ခင်ဗျားက ဘယ်သူလဲ"

"ငါက ဒီကျောင်းတော်ရဲ့အရှင်သခင်ပဲ၊ ဒါဟာ ငါ့ရဲ့ကျောင်းပဲ… ငါ့ရဲ့ပိုင်နက်ထဲ ဘယ်သူမှ မလာရဘူးဆိုတာ မင်းတို့ မသိဘူးလား"

"ကျွန်တော်တို့က ခဏနားကြတဲ့ ဧည့်သည်တွေပါ … ဒီ တစ်ညပဲ တည်းမှာပါ"

"မလိုချင်ဘူး… ငါ့ရဲ့ကျောင်းမှာ ဘယ်သူမှ လာတာ မကြိုက်ဘူး… မင်းတို့တွေ ဒီက မသွားသေးရင် ငါ့အကြောင်း သိမယ်"

"ဒါနဲ့ ခင်ဗျားက ဘယ်မှာနေတာလဲ၊ ကျွန်တော်တို့လာတော့ ဒီကျောင်းမှာလဲ မတွေ့ပါလား"

"ဒါတွေ မင်းတို့ကို ပြောဖို့ မလိုဘူး… ငါ့ရဲ့ကျောင်းပေါ်ကသာ မင်းတို့တွေ အမြန်ဖယ်ကြပါ"

စစ်နိုင်လည်း သူ့ကိုလာမောင်းထုတ်တဲ့သူ ဘယ်သူမှန်း မသိဘဲ စဉ်းစားနေမိသည်။ သူတို့ကလည်း မိုးချုပ်နေ၍သာ ဒီနားမှာ ဒီကျောင်းတစ်ကျောင်းသာတွေ့၍ ဝင်နားခြင်းဖြစ်သည်။

ကျောင်းမှာကလည်း ဘယ်သူမှမရှိ၍ နားခဲ့ကြသည်။ ယခုတော့ ပိုင်ရှင်ပေါ်လာ၍ လာမောင်းထုတ်နေတာ သိရ၍ လန့်ပြီး...

"ဟာ..."

စစ်နိုင် ကမန်းကတန်း ထထိုင်လိုက်မိသည်၊ သူ့ရဲ့ဘေးတွင် ရန်နိုင်ဖြိုးက အိပ်လို့ကောင်းတုန်းဖြစ်သည်၊ သူကတော့ လန့်နိုး၍ မအိပ်တော့ပါ၊ ထို့နောက် ထူးသော်ကို ရှာကြည့်လိုက်သောအခါ လှေကားပေါ်မှ အပြင်ဖက်သို့ကြည့်ပြီးကင်းစောင့်နေတာ တွေ့လိုက်ရသည်၊

ဒါနဲ့ သူလည်း ထူးသော်နားသို့လာပြီး...

"ရဲဘော် ထူးသော်... သွားနားချေ၊ ဆရာ စောင့်လိုက်မယ်"

"ဟာ... ရပါတယ် ဆရာကလည်း၊ ဆရာသာ အိပ်ပျော်အောင်သာ အိပ်ပါ၊ ကျွန်တော် စောင့်ပါမယ်၊ ကျွန်တော့်ကို အားမနာပါနဲ့"

"ဒါနဲ့ ဘာထူးသေးလဲ"

"ဘာကို မေးတာလဲ ဆရာ..."

"ပတ်ဝန်းကျင် အခြေအနေကို မေးတာ"

"ထူးတယ် ဆရာ... အုန်းကျော် ပျောက်နေတယ်"

ထိုအခါ စစ်နိုင်လည်း ကျောင်း၏ခြံထိပ်သို့ ကြည့်လိုက်သည်။ အုံးကျော် မတွေ့ရပါ။ ဒါနဲ့ စစ်နိုင်လည်း ကျောင်းအောက်သို့ ပြန်ဆင်းပြီး အုံးကျော်နားသို့ လျှောက်လာမိသည်။

ဟော... တွေ့ပါပြီ... ရဲဘော်အုံးကျော်က အုတ်တိုင်ကို မှီပြီး အပြင်သို့ ငေးနေတာ တွေ့လိုက်ရသည်။

အင်း... သူလည်း ပင်ပန်းလို့၊ ညောင်းလို့ မှီပြီးစောင့်နေတာ တွေ့လိုက်ရသည်။

စစ်နိုင်လည်း အုံးကျော်နားသို့ ရောက်သော်...

"ရဲဘော် အုန်းကျော်... သွား... ခဏနားချေ၊ ဆရာ ဆက်ပြီး စောင့်မယ်"

အုံးကျော်လည်း ဟန်မဆောင်နိုင်၍ ၎င်းအုတ်တိုင်မှာပဲ ထိုင်ချပြီး မှီကာ ငိုက်လိုက်လေတော့သည်။ စစ်နိုင်လည်း ဘာမှ မပြောတော့ဘဲ တပ်သားအုန်းကျော်ကိုကြည့်ကာ သနားသွားသည်။

"တာဝန်ကျေတဲ့ ရဲဘော်တွေပါလား"

ဟု စိတ်ထဲမှ ပြောလိုက်မိတော့သည်။

မနက်ဖြန်ဆို ဒီလမ်းမှ အလံတော် သယ်သွားတော့မည်

မဟုတ်ပါလား။ သူတို့က တခဏ ဒီမြို့ဒီနားတွင် တာဝန်ယူထားရသော တပ်စုတစ်စုထဲက တပ်စိတ်လေးတစ်ခု ဖြစ်သည်။

သူအပါအဝင် လေးဦးအဖွဲ့ ဒီမြို့နားတွင် တာဝန်ယူရသည်၊ မနက်ဖြန် စောစောထပြီး သူတို့ လမ်းမတစ်လျှောက် ကင်းချပြီး စောင့်ကြည့်ရမှာဖြစ်သည်။

ဒါမှလည်း အလံတော် သယ်ရာတစ်လျှောက်တွင် အန္တရာယ်ကင်းရှောမွေ့စွာ သယ်ယူရနိုင်ဖို့ သူတို့မှာ တာဝန်ရှိသည် မဟုတ်ပါလား…။

စစ်နိုင် အုံးကျော်ကိုကြည့်ကာ သနားသွားသည်၊ ဘယ်အချိန်က အိပ်ချင်နေမှန်းမသိ… အိပ်နေတာ… ဟောက်တောင်နေပြီ… ထိုအခါ…

"အုန်း…ဂလွမ်း…ဝုန်း…"

ဟူသော အသံတစ်ခု ထူးသော်ကြားလိုက်သည်၊ ဘယ်ကအသံပါလိမ့်ဟု နားစွင့်လိုက်သည်၊ အသံကတော့ သူတို့အပေါ်က မဟုတ်ပါ၊ ဒုတိယထပ်မှ ဖြစ်သည်၊ သူတောင် နည်းနည်းလန့်သွားသည်၊ ကင်းပဲစောင့်ရမလား၊ အောက်ပဲ ဆင်းကြည့် ရမလားဆိုတာ ဝေခွဲမရ ဖြစ်နေမိသည်၊

ထိုအချိန်တွင် တပ်ကြပ်ကြီး စစ်နိုင် ရောက်လာပြီး…

"ဘာအသံတွေလဲကွ...ထူးသော်..."

"ဟုတ်တယ် ဆရာ...အောက်ထပ်က အသံပါ"

စိန်နိုင်လည်း တံခါးကြားမှ လက်နိပ်ဓာတ်မီးထွန်းကာ ကြည့်လိုက်သည်။ တံခါးက နှစ်ချပ်ပိတ် တံခါးဖြစ်၍ အလယ်မှ ဟတတလေးဖြင့် အထဲသို့ ဓာတ်မီးထိုးကာ ကြည့်မိသည်။ အထဲ မှာလည်း ဘာမှ မတွေ့ပါ။

ဒီကျောင်းတော်ကြီးဟာ သူတို့အတွက် အလွန်ထူးခြား နေသည်။ ဘာကြောင့်များ သူတို့ကို ချောက်နေရတာလည်း... ဒီနားတစ်ဝိုက်မှာဆိုလို့ မျောက်လေးတွေသာ ရှိသည်။ မျောက် လေးတွေကလည်း ဒီလိုမျိုး လုပ်မှာ မဟုတ်ပါ။

အသံမျိုးစုံကို တစ်မျိုးပြီးတစ်မျိုး မတူအောင် ချောက် နေသည်။

ဒီတစ်ညတော့ သူတို့ သည်းခံပြီး စောင့်ရမှာပဲလေ...သူ အိပ်ပျော်တုန်းကလည်း လာပြောတဲ့လူက ဘယ်သူများပါလိမ့်ဟု တွေးမိသည်။

တစ်ကိုယ်လုံး အဝါရောင် ပိတ်ကြီးပတ်ထား၍ ဘယ်သူ ဘယ်ဝါဆိုတာ သူ့အဖို့ မသိနိုင်ပါ။ မျက်နှာမြင်ရင်လည်း မှတ်မိဖို့ မလွယ်ပါ။

သူတို့ကိုများ ဒီကျောင်းမှာ နေတာ မလိုချင်လို့ လာပြီး ချောက်နေတာလားလို့ထင်မိသည်။ သူတို့မှာကလည်း သွားစရာ နားစရာဆိုလို့ ဒီကျောင်းတော်သာ တွေ့၍ သူတို့လည်း ဝင်နားရသည် မဟုတ်ပါလား။

စစ်နိုင် လက်မှနာရီကို ကြည့်လိုက်သည်။ ည နှစ်နာရီ ထိုးနေပြီ။ မိုးလင်းဖို့သိပ်မလိုတော့ပါ။

ဒုတိယထပ်တွင် ဘာမှ မတွေ့၍ သူလည်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်သို့ ရောက်သော် တံခါးကို မထင်မှတ်ဘဲ ကြည့်မိသည်။ တံခါးမှာ သော့ခတ်ထား၍ပြန်လှည့်ဖို့ အလုပ်တွင် ကျောင်းဘေးမှ အရိပ်တစ်ခု ဝင်သွားတာ တွေ့လိုက်ရသည်။ သူလည်း ချက်ချင်းလိုက်ဖို့ လုပ်သည်။ ဒါပေမဲ့ ရုတ်တရက် ဆိုတော့ ကြောင်ပြီး ကြည့်မိသည်။

ချက်ချင်းပဲ ကျောင်းဘေးသို့ ပြေးသွားပြီး ကြည့်လိုက်သည်။ ဒါပေမဲ့ ဘယ်သူမှ မတွေ့တော့ပါ။ ဒါနဲ့ စစ်နိုင်လည်း ခြံရှေ့သို့ ပြန်လာပြီး ကင်းဆက်ပြီး စောင့်နေလေတော့သည်။

မနက်မိုးလင်းသွားသည်။

ထိုအချိန်တွင် ဘေးလမ်းမှ လူနှစ်ဦး၊ သုံးဦး ထွက်လာကြ

သည်၊ ရှင်းလူများသည် သူတို့ ကင်းစောင့်နေသော အနားသို့ ရောက်လာပြီး...

"ဆရာတို့ ဒီမှာ ဘာလုပ်နေတာလဲ"

"ကျွန်တော်တို့ အလံတော်အတွက် ကင်းစောင့်နေတာပါ၊ အလံတော်က ဒီလမ်းက ဖြတ်မှာလေ..."

"ဒါဆို ဆရာတို့ ဒီကျောင်းရှေ့မှာ တစ်ညလုံး ရှိနေတာပေါ့နော်..."

"ဟုတ်တယ်..."

"ဟင်... ဆရာတို့ ဒီကျောင်းထဲကိုကော ဝင်သေးလား"

"ဝင်တာပေါ့... ဒီကျောင်းထဲမှာပဲ ဝင်တည်းတာလေ"

"ဟာ...တကယ်..."

စစ်နိုင် ရှင်းလူ၏ "ဟင်... ဟာ..." ဖြစ်သွားတာကို အံ့သြသွားသည်။ ရှင်းလူ၏ မျက်စိမျက်နှာပျက်သွားတာလည်း တွေ့လိုက်ရသည်။ ထိုအခါ ရှင်းရွာထဲမှ လူက ...

"ဆရာတို့ ဘာမှ မဖြစ်ကြဘူးလား...ဥပမာဗျာ ခဲနဲ့ပေါက်တာတို့၊ အရိပ်မြင်ရတာတို့၊ အသံဗလံတွေ ကြားတာတို့ပေါ့..."

စစ်နိုင်လည်း ရှင်းလူတွေပြောတာ အားလုံး သူကိုယ်တိုင် မြင်တွေ့ ကြားသိလိုက်သည် မဟုတ်ပါလား...။ ဒါနဲ့

စစ်နိုင်လည်း...

"ဒီက နောင်ကြီးတို့ပြောတာ အားလုံး တွေ့ကြုံရပါတယ်၊ ဒါနဲ့ ဒီကျောင်းက ကျောင်းထိုင် ဘုန်းကြီးက ဘယ်သွားတာလဲဟင်...မတွေ့ပါလား"

"ဘုန်းဘုန်းက ပျံလွန်တော်မူသွားပြီ၊ သုံးလေးနှစ် ပြည့်တော့မယ်၊ ဒီကျောင်းကို ဆက်ပြီး ထိန်းသိမ်းမယ့် ကျောင်းထိုင် ဘုန်းကြီးတွေလည်း ရောက်လာပါတယ်၊ ဒါပေမဲ့ ခြောက်လ မကြာပါဘူး၊ ပြန်သွားကြတယ်၊ အခုထိ ဒီကျောင်းကို ဘယ်ဘုန်းဘုန်းမှ မလာကြတော့ဘူး၊ ကျွန်တော်တို့လည်းဒီကျောင်းကြီးကို အခုလိုပဲ ပိတ်ထားရတာ..."

"ဒါနဲ့နောင်ကြီးတို့က ဒီမြို့ကပဲလား"

"ဟုတ်ပါတယ်"

"ဒီကျောင်းကြီးကို အခုလိုပဲ ဆက်ပြီးထားရင် ပျက်စီးသွားမှာပေါ့"

"ဟုတ်ပါတယ် ။ ကျွန်တော်တို့လည်း မပျက်စီးစေချင်ပါဘူး၊ ဒါပေမဲ့ဒီကျောင်းမှာနေထိုင်သွားတဲ့ဘုန်းဘုန်းကမကျွတ်ဘူးလေ"

"ဘယ်လိုဖြစ်လို့လဲဗျာ"

ထိုအခါ ဂုဏ်းလူက စစ်နိုင်ကို အကြောင်းစုံ ပြောပြလိုက်လေသည်။

"ဒီလို အစ်ကို... ဒီကျောင်းရဲ့ အလှူရှင်က ဦးလူမောင်၊ ဒေါ်ဖွားရှင်တို့ဖြစ်တယ်၊ သူတို့က ဒီကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းပြီး ဆရာတော်ကို ရေစက်ချပြီး လှူဒါန်းခဲ့ပါတယ်၊ ဒါပေမဲ့ ဂုဏ်းဆရာတော်လည်း ဒီကျောင်းတော်ကြီးမှာ ကြာကြာ မနေလိုက်ရပါဘူး၊ ငါးနှစ်ကျော်၊ ခြောက်နှစ်လောက်မှာ ပျံလွန်တော်မူသွားတယ်"

"ဆရာတော်ပျံလွန်တော်မူသွားလို့ ဆရာတော်နောက်တစ်ပါးကို ကျောင်းထိုင်အရာ အပ်နင်းခဲ့ပါတယ်၊ အဲဒီမှာပဲ နောက်ထပ် ကျောင်းထိုင်ကို ပျံလွန်တော်မူသွားတဲ့ ဆရာတော်က မကျွတ်ဘဲ ကျောင်းကြီးကို စွဲလန်းကာ အမျိုးမျိုးခြောက်လှန့်တော့တာပဲ..."

"ဆရာတော်နဲ့ ရွာသူရွာသားတွေက ရေစက်ချ၊ အမျှအတန်းများ ပေးဝေပေမယ့်လည်း အခုထိ မကျွတ်ဘူး၊ ဆရာတော် ဒီကျောင်းတော်ကို အရမ်းအစွဲအလန်းကြီးတော့ မကျွတ်မလွတ်ဖြစ်နေတာပေါ့"

"နောက်ဆုံး ဆရာတော် နှစ်ပါး၊ သုံးပါးလောက် ဒီ

ကျောင်းတော်ကို လာထိုင်ပေးတယ်၊ ဒါပေမဲ့ နောက်ဆုံး ဆရာတော် ပြောပြတာကတော့ ...”

တစ်နေ့တွင်...

“နေ့ခင်း အိပ်စက်နေစဉ် သူ့ကို ကုတင်ပေါ်က ဆွဲချခံရတယ်လို့ ပြောတယ်၊ ပြီးတော့ သူ့ရဲ့ခြေထောက်ကိုလည်း အရာတစ်ခုခုနဲ့ အရိုက်ခံရသလိုမျိုး နာကျင်မှုကို ခံစားရတယ်လို့ ပြောတယ်”

“ပြီးတော့ သပိတ်တွေ ဆွမ်းဘုန်းပေးပြီး မှောက်ထားတာ မနက်ကျတော့ အောက်ကို ရောက်နေတယ်”

“အိပ်မက်ထဲမှာလည်း သူ့ကို ဒီကျောင်းတော်က ပြန်ဖို့ လာနှင်ချတယ်”

“ပြီးတော့ တစ်နေ့မှာ ဆွမ်းခံပြန်တာတော့ ကျောင်းထဲ အဝင်မှာ ဘယ်က ပစ်လိုက်မှန်းမသိတဲ့ ကျောက်စရစ် ခဲလုံးတွေ သူ့ကို လာမှန်တယ်”

“ဒါနဲ့ ဆရာတော်လည်း ဘယ်သူများ ပစ်လိုက်သလဲလို့ လိုက်ကြည့်တော့ ဘယ်သူမှ မမြင်ရဘူး...”

ထိုအခါ စစ်နိုင်က ကြားဖြတ်ကာ...

“ဒါနဲ့ နောင်ကြီး ဒီကျောင်းမှာ ကျောင်းသားတွေလည်း

မရှိဘူးလား"

"ဟုတ်တယ်... ကျောင်းသားတွေက ဆရာတော်ခြောက်လို့ ဘယ်သူမှ မနေရဲကြဘူး၊ ဒီကို ရောက်လာတဲ့ ဆရာတော်တွေသာ တစ်ပါးတည်း ဒီကျောင်းမှာ နေကြတယ်"

"နောက်ဆုံး ဆရာတော်လည်း အမျိုးမျိုးခြောက်လှန့်ခံရလို့ တရားမကျင့်နိုင်ဘဲ ဒီကျောင်းတော်ကနေပြီး ပြောင်းပြေးရတော့တာပဲ"

စစ်နိုင်လည်း ရွာသား သုံးဦးပြောပြသော ဒီကျောင်းတော်၏ ဇာတ်လမ်းကို ကြားသိရ၍ ကျောင်းတော်ကြီးကို ကြည့်ပြီး နှမျောမိသည်။

တကယ်တော့ ဒီကျောင်းတော်ကြီးမှာ ဘုန်းဘုန်းတွေနဲ့ ကျောင်းသားတွေပါ စုစုဝေးဝေး ညီညီညွတ်ညွတ်ကြီး ပြုပြင်ထိန်းသိမ်းသွားမယ်ဆိုရင် ဒီရပ်၊ ဒီဒေသမှာ သာသနာ တစ်ဆူပွင့်လန်းလာမှာ မဟုတ်ပါလား...

စစ်နိုင်တို့ တပ်စုလေး ဇနောက်နေ့မှာ အလံတော်သယ်ယူပြီးလို့ သူတို့လည်း ဒီရပ်၊ ဒီဒေသမှ မိမိတပ်စခန်းရှိရာသို့ ပြန်ခဲ့လေတော့သည်။

မင်းခကြာ



# အစုတ်ဂူနှစ်လုံး

ဦးကျင်မောင်… မြို့ပြင်လေးတစ်နေရာ ဆိုက်ကား နင်းလာသည်။ ဆိုက်ကားမထွက်ခင် အရည်လေး နည်းနည်းချလာသည်။ အရက်ကလေးကို သူချနေကြပါ။ ဒီနေ့ချသော အရက်မှာ ခါတိုင်းထက် နည်းသည်။ ဒါကလည်း သူ့ရဲ့အိတ်ထဲမှာက ငွေစလေး နည်းနေသည်။ ဈေးဦးလည်း မပေါက်သေးပါ။

တကယ်တော့…

ရွာအဝင် လမ်းထိပ် ဒေါ်ပုမအိမ်မှာ သူစောင့်နေသည်။ သူစောင့်နေရသည်က ဆိုက်ကားယူရန်ဖြစ်သည်။ စောင့်ရင်းနဲ့ သူ့မှာ ပါလာသော ငွေစလေးနှင့် ရသလောက် သောက်ခဲ့ရသည် မဟုတ်ပါလား…

ဒေါ်ပုမဆီက ဆိုက်ကားကို သူက ညဆိုင်းယူနင်းတဲ့သူ ဖြစ်သည်။ နေ့ခင်း နင်းတဲ့သူ လာပေးမှ သူက ရမည်မဟုတ်ပါလား...

ဟော... နေ့ခင်း နင်းတဲ့သူ ဆိုက်ကားလာအပ်၍ သူလည်း ၎င်းဆိုက်ကားကို ဒေါ်ပုမဆီမှ ယူပြီး ထွက်လာခဲ့သည်။ သူတို့နင်းသော မြို့လေးက အဝေးပြေးကားများ ရပ်နားသော နေရာဆုံတဲ့ မြို့လေးဖြစ်လို့ လူရကြသည်။

ဦးကျင်မောင် ဆိုက် ကားနင်းလာခဲ့သည်။ ဒေါ်ပုမအိမ်မှ စထွက်ထွက်ခြင်းပဲ အရည်လေးနည်းနည်း ဝင်ခဲ့၍ နည်းနည်းတော့ ရီဝေဝေ ဖြစ်နေသည်။

အချိန်ကလည်း နေဝင်တော့မည်ဖြစ်သည်။ ကားလမ်းပေါ်မှ ဦးကျင်မောင်တစ်ယောက် ဖြည်းဖြည်းလေး နင်းလာခဲ့သည်။ ထိုအခါ သူနားမှ ဆိုက်ကားနင်းလာသော သူကို ကြည့်လိုက်တော့ ဖိုးချွားဖြစ်နေတာ တွေ့ရသည်။

"ဖိုးချွား... ကားတွေ ရောက်နေပြီလား"

"ဟုတ်ကဲ့... ဦးကျင်မောင် မြန်မြန်သွား၊ လူတွေ ကုန်သွားဦးမယ်"

"အေး... အေး..."

ဦးကျင်မောင်လည်း ဖိုးခွား ပြောလိုက်သောကြောင့် စိတ်ပူပြီး ဆိုက်ကားကို နည်းနည်းသွက်သွက်လေး နင်းလာခဲ့သည်။ ရွာအဝင်လမ်းနဲ့ ကားဂိတ်က နည်းနည်းတော့ လှမ်းသည်။ နေဝင်တော့မှာဖြစ်တဲ့အတွက် လမ်းမီးများ မရှိ၍ မှောင်လာမှာလည်း စိုးသည်။

ဦးကျင်မောင် ဆိုက်ကားကို နောက်ကြည့်လိုက်၊ ရှေ့သို့ နင်းလိုက် လုပ်နေရသည်။ သူ့နောက်မှ ကားများက တဝီးဝီးဖြင့် မောင်းနေကြသည်မဟုတ်ပါလား။

မတော်လို့ အမူးသမားများ မောင်းတဲ့ကားနဲ့ဆို သူပါ အိုးစားကွဲမှာ။ သူလည်း အရက်သောက်ပေမယ့် သေမှာတော့ ကြောက်သည်။ သူ့မှာက မိသားစုရှိသေးသည်။ နေ့ခင်းရွာထဲမှာ ပန်းရံအလုပ်လည်း လုပ်သည်။ ညဘက်မှာ ဆိုက်ကားနင်းသည်။ သူ့မှာက မိသားစု လေးဦးရှိသည်။

မိန်းမနဲ့ ကလေးက နှစ်ယောက် ဖြစ်သည်။ အကြီးက ယောကျ်ားလေးကိုးတန်းတက်နေသည်။ အငယ်က မိန်းကလေး ဖြစ်သည်။ ခုနစ်တန်းရောက်နေပါပြီ။ ဒါကြောင့်လည်း သူက

မနက် ပန်းရုံအလုပ်နဲ့ မလောက်၍ ညနေပါ ဆိုက်ကား ထွက်နင်းရသည် မဟုတ်ပါလား...။

ဒီနေ့ သူ ဆိုက်ကားနင်းရတာ တစ်မျိုးဖြစ်နေသည်။ အရက်ကြောင့်တော့ နည်းနည်းရီဝေနေပေမယ့် သူကိုယ်သူ ထိန်းနိုင်သည်။

ဒါပေမဲ့ သူ ပြန်ပြီးစဉ်းစားသည်။ ဒီနေ့ သူ သောက်ခဲ့တာ ခါတိုင်းနေ့ထက် အနည်းဆုံးပါ။ ဘာကြောင့်များ ရီဝေဝေ ဖြစ်နေရတာလည်း၊ အသက်အရွယ်များ ရလာလို့လားဟု ထင်မိသည်။

ထိုအခါ ခပ်လှမ်းလှမ်းမှ ကုက္ကိုပင်အောက်တွင် မိန်းကလေးနှစ်ယောက် သူလာရာလမ်းတွင် သူ့ကို တားနေသည်။ ဦးကျင်မောင်လည်း ၎င်းမိန်းကလေး နှစ်ဦးကိုကြည့်ပြီး သူမတို့နားသို့ နင်းလာခဲ့သည်။

သူမတို့နားသို့ရောက်တော့ ၎င်းမိန်းကလေး နှစ်ဦးကို ကြည့်လိုက်တော့ တော်တော်လေး လှတာ တွေ့ရသည်။ နှစ်ယောက်စလုံး ပါတိတ်အပြာခံအပွင့်နတ်နတ်လေးရိုက်ထားတာ ဝတ်ထား၍ ကြည့်၍ကောင်းကောင်းနဲ့ လာခဲ့တာ သူ့ကို လက်တားတာ မမြင်ဘဲ...

"ဒီမှာ...အစ်ကိုကြီး..."

"အစ်ကိုကြီး..."

ဦးကျင်မောင်လည်း ဒုတိယအကြိမ်ခေါ်မှ အသိဝင်ကာ..

"ဟာ...ညီမတို့ ဆိုက်ကား ငှားမလို့လား"

"ဟုတ်ပါတယ် အစ်ကိုကြီး...အားတယ်မဟုတ်လား"

"အားပါတယ်... အခုမှ ဈေးဦးပေါက်မှာပါ"

"ညီမတို့က ဘယ်သွားမှာလဲ..."

"ကားဂိတ် အကျော်လေးပါ"

"ရပါတယ်...လိုက်ပို့ပါ့မယ်"

"ဘယ်လောက် ပေးရမလဲ"

"နှစ်ယောက်ဆိုတော့ ငါးရာပဲ ပေးပါ"

"ဟုတ်ကဲ့...အစ်ကိုကြီး၊ ညီမတို့ လိုက်ပါမယ်"

ဦးကျင်မောင်လည်း မိန်းကလေးနှစ်ယောက်နားသို့ ရောက်သော် အမွှေးနံ့လေးရလို့ ယစ်မူးနေမိသည်။ ၎င်းမိန်းကလေးနှစ်ဦး သူ၏ ဆိုက်ကားပေါ်တင်ပြီး နင်းရမှာ ပျော်နေမိသည်။

သူမတို့ ဆွတ်ထားသော ရေမွှေးနံ့လေးကလည်း

သင်းနေ တာပဲ မဟုတ်ပါလား။ ဦးကျင်မောင် သူမနားတွင် ဆိုက်ကားကို ရပ်ပေးလိုက်သည်။ သူမကို့လည်း ရေးညှိပြီး၍ ဆိုက်ကားပေါ်တက်လိုက်ကြသည်။

အမျိုးသမီးနှစ်ယောက်စလုံးမှာ အရပ်တူညီပြီး ကိုယ်လုံးကိုယ်ပေါက်မှာလည်း ပြောစရာမရှိပါ။ ယောကျ်ားသားတို့ မက်မောစရာ ကိုယ်လုံးပိုင်ရှင်များဖြစ်၍ ဦးကျင်မောင် သူမတို့၏ အလှထဲတွင် နှစ်မျောနေမိသည်။ ထိုအခါ အမျိုးသမီးတစ်ဦးက...

"ဦးလေး ဆိုက်ကားက အပိုင်လား"

"မဟုတ်ပါဘူး...အငှားပါ"

"တစ်ည ဘယ်လောက်ပေးရလဲ"

"ခုနစ်ရာပါ"

"ဒီနေ့တော့ နစ်ရာပဲ ရှာရမှာပေါ့"

"ဟုတ်ပါတယ်... ညီမတို့ဆီကရမှ ဦးလည်း အဆင်ပြေမှာပေါ့"

"ဦးလေးမှာ မိသားစုရှိလား"

"ရှိတာပေါ့ ညီမရယ်... ကလေးနှစ်ယောက်ရှိတယ်"

"ကျောင်းသားတွေပဲလား"

"ဟုတ်တယ်... အကြီးက ယောက်ျားလေး၊ ကိုးတန်းပါ၊ အငယ်က မိန်းကလေး ခုနစ်တန်းပါ"

"ဦးလေး ဒီအလုပ် တစ်ခုပဲ လုပ်တာလားဟင်"

"မဟုတ်ဘူးကွဲ့... နေ့ခင်းမှာ ပန်းရံလုပ်ပါတယ်"

"ဦးလေးအရမ်းပင်ပန်းမှာပဲနော်... ညီမတို့ သနားလိုက်တာ"

"ဒီလိုပဲပေါ့ ညီမရယ်... ဘဝဆိုတာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်မှမရှိတာ၊ သူတို့ဖြစ်စေချင်တာ ကိုယ်က လိုက်လုပ်ရတာပဲ မဟုတ်လား..."

"အလို့... ဦးလေးက အလာချည်းပါလား၊ ဘဝကို တော်တော် နာနေတဲ့ ပုံပဲ"

"ဘဝကို နာတယ်ဆိုတာကလည်း ဘဝကို ရှန်းကန်လာရတာများလာလို့ပါ"

"ဟုတ်တယ်နော်... ဘဝကို ရှန်းကန်တာများရင် ဘဝကို နာကြတယ်ဆိုတာ ယုံလိုက်ပြီ"

"ဒါနဲ့ ညီမတို့က ဒီအချိန်မှာ ဘာလာလုပ်တာလဲ"

"ညီမတို့က အမွှာညီအစ်မတွေပါ... ကျွန်မက ဝေမာဦး၊

သူက ဝေမာထွေးပါ၊ အခု အိမ်ပြန်မလို့ပါ”

“ဘယ်က လာကြလို့လဲ”

“ရွာထဲကပါ”

“အခုက ဘယ်နားမှာနေလို့လဲ၊ ညီမတို့သွားတဲ့နေရာက အိမ်လည်း မရှိပါဘူး... အော်... သိပါပြီ... ဟိုအနောက်က ရွာထဲကလား”

“ဟုတ်ပါတယ်၊ ရွာထဲကပါ၊ အခုက ဒီရွာကိုအလည်လာတာပါ၊ အသိအိမ်တစ်အိမ်မှာ အလှူလုပ်လို့ လာတာပါ”

ဦးကျင်မောင်တစ်ယောက် စကားတပြောပြောဖြင့် ဆိုက်ကားကို ဂရုတစိုက် နင်းလာခဲ့သည်။ လမ်းတစ်လျှောက်လုံး လည်း မပျင်းရပါ။ သူနဲ့ အနီးဆုံးထိုင်ခဲ့သော မိန်းကလေးက လမ်းတစ်လျှောက်လုံး စကားများ ပြောလာ၍ သူမှာ မပျင်းရပါ။

ဦးကျင်မောင် ဆိုက်ကားနင်းလာခဲ့တာ အဝေးပြေး ယာဉ်ရပ်နားစခန်းမှ ကျော်လာပြီဖြစ်သည်။

ဌင်းနေရာ ကျော် လျှင် အိမ်များ၊ ဆိုင်များ မရှိတော့ပါ။ တဖြည်းဖြည်းဖြင့် လူသွားလူလာပါ ရှင်းလာသည်။ ကားလမ်းပေါ် သူ၏ ဆိုက်ကားတစ်စီးနဲ့ အမျိုးသမီး နှစ်ဦးသာ ရှိခဲ့သည်။

ဦးကျင်မောင်လည်း ဆိုက်ကား ကို ဂရုတစိုက်နင်းလာခဲ့ရာ ရှေ့တွင် သချိုင်းကုန်းတစ်ခု တွေ့လိုက်ရသည်။ သူ၏ဆိုက်ကား သချိုင်းကုန်းနားသို့ရောက် သော် အပုတ်နံ့တစ်ခုက ထောင်းခနဲ ရလိုက်သည်။ လေသင့်လို့လားလို့ သူ၏ စိတ်ထဲ ထင်လိုက်မိသည်။

ပြီးနောက်မသိသလိုနေလိုက်မိသည်။ ဦးကျင်မောင်၏ ဘေးတွင် ထိုင်ပြီး လိုက်လာသော အမျိုးသမီးနှစ်ဦးမှာလည်း စကားမပြောတော့ဘဲ ငြိမ်ချက်သား ကောင်းနေကြသည်။

ဦးကျင်မောင်လည်း သူမတို့ စကားများ မပြောတော့၍ သူလည်းငြိမ်နေလိုက်ရသည်။ ထိုအခါအပုတ်နံ့က ထပ်ပြီးရလာပြန်သည်။ ဒီတစ်ခါ အပုတ်နံ့က တော်တော်လေးကို နီးနီးကပ်ကပ်ရလာသလားလို့ထင်ရသည်။

ဦးကျင်မောင်လည်း ပတ်ဝန်းကျင်မှာ ခွေးလေခွေးလွင့်များ သေနေတာလားလို့ လိုက်ရှာကြည့်သည်။ ဘာမှ မတွေ့ပါ။

ထိုအခါ ဦးကျင်မောင်က ...

"ဒီက ညီမတို့... ဘယ်နားကို ပို့ပေးရမှာလည်း၊ သချိုင်း ကျော်ကျော်လေးလား"

"မဟုတ်ဘူး... ဒီနားမှာပဲ ရပ်ပါ"

ဦးကျင်မောင် ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သချိုင်းရှေ့တည့်တည့်မှာ ရပ်နိုင်း၍ မသင်္ကာဖြစ်လာသည်။ သူ့ကိုယ်သူလည်း စိုးရိမ်သွားသည်။

သူ့ကိုများ မိန်းကလေးနှစ်ယောက် ဆိုက်ကားများ ရိုက်လုမလားလို့ စိုးရိမ်သွားသည်။ ဒါနဲ့ ဦးကျင်မောင်လည်း ဆိုက်ကားကို ရပ်လိုက်သည်။

ထိုအခါ ဦးကျင်မောင်လည်း ဆိုက်ကားရပ်လိုက်၍ သူမတို့ ဆင်းမလားလို့ ကြည့်နေမိသည်။ သူမတို့က ဆိုက်ကားပေါ်မှ ထိုင်လျက်သားပဲ ရှိသေးသည်။ ထိုအခါ ဦးကျင်မောင်က ...

"ညီမတို့ ရောက်ပြီလေ..."

ဒုတိယအကြိမ် ထပ်ပြီးပြောလိုက်သည်။

ထိုသို့ပြောပြီး သူ၏ဘေးတွင် ထိုင်နေသော အမျိုးသမီးကို ကြည့်လိုက်သောအခါ မှောင်နေ၍လားလို့ စိတ်ထဲက ထင်မိသည်။ မျက်နှာမှာ စုတ်ပြဲနေသလိုမျိုး ဖြစ်နေသည်။ တချို့နေရာတွင် အရိုးများပင် ပေါ်နေသလားလို့ ထင်ရသည်။

ဦးကျင်မောင်လည်း နည်းနည်းတော့ ကြောက်လာမိ

သည်၊ ဒါနဲ့ မသင်္ကာ၍ နောက်မှအမျိုးသမီးကိုပါ ကြည့်လိုက်သော အခါ ၎င်းအမျိုးသမီးပါ အရိုးများဝေါထွက်နေတာ တွေ့လိုက် ရသည်၊

ဒါမှ ဦးကျင်မောင်လည်း သဘောပေါက်ကာ ဆိုက်ကား ပေါ်မှ ဆင်းပြီး နောက်ပြန်လှည့်ကာ ပြေးလေတော့သည်၊

အခုမှ ဦးကျင်မောင် သဘောပေါက်သွားသည်၊ သူ့ရဲ့ ဆိုက်ကားကို ငှားစီးလာသောသူမတို့မှာ လူစစ်စစ်များမဟုတ် ဘဲ သရဲများဖြစ်နေတာ တွေ့လိုက်ရသည်၊

သူမတို့နှစ်ဦးနဲ့ ဆိုက်ကားထားပြီး ပြေးလာခဲ့ရာ အဝေး ပြေးကားဂိတ်သို့ရောက်လာသည်၊ ပြီးနောက် ဆိုက်ကားသမား အချင်းချင်းဖြစ်တဲ့ ကိုတူးကို တွေ့လိုက်သည်၊

"မောင်တူးရေ... ကူပါဦးကွ"

"ဘာဖြစ်လာလို့လဲ...ဦးကျင်မောင်..."

ဦးကျင်မောင်လည်း ဘယ်က စပြောရမှန်းမသိဘဲ ဖြစ် နေသည်၊ ဒါပေမဲ့ သူပြောဖို့လုပ်နေတုန်း ခရီးသည်နှစ်ဦးက ...

"ဆိုက်ကားအားလားရှင်..."

"ဟုတ်ကဲ့...အားပါတယ်..."

မောင်တူးက ဆိုက်ကား လာငှားနေ၍ ဦးကျင်မောင် ပြောလာမယ့် စကားကို နားထောင်မအားပါ။ သူတို့မှာက ခရီးသည်လာတုန်း ဆိုက်ကားလိုက်ရသည် မဟုတ်ပါလား။ ဒါကို လည်း ဦးကျင်မောင် နားလည်သည်။ ဒါနဲ့ သူလည်း ဘာမှ ဆက် မပြောတော့ဘဲ မောင်တူးတို့ ထွက်သွားတာ ကြည့်နေလိုက်ရ သည်။

သူ့မှာက ကြောက်လန့်၍ ရင်တွေပါ ခုန်ကာ မောနေ သည်။ သူ့အနေကလည်းတစ်ခါမှ ဒီလိုမျိုး နီးနီးကပ်ကပ် သရဲနဲ့ အတူ မထိုင်ဖူး၊ မနေဖူးခဲ့တော့ စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်မိ သည်။ ဆိုက်ကားဂိတ်မှာလည်း ဆိုက်ကားသမားဆိုလို့ တစ်စီးမှ မရှိတော့ပါ။ ခရီးသည်တွေရလို့ ထွက်ကုန်တာလား၊ ဒါမှမဟုတ် ညဖက်ရောက်လို့ ပြန်ကုန်တာလားဆိုတာ မသိတော့ပါ။

ထိုအချိန်တွင် ဆိုက်ကားတစ်စီး မြို့ထဲဘက်မှ နင်းလာ နေတာတွေ့လိုက်ရသည်။ သူ့မှာကလည်း ဆိုက်ကားထားခဲ့ရ တာ စိတ်မချလည်း ဖြစ်မိသည်။ ပြန်ရင် ဆိုက်ကားပါမလာရင် ဒေါ်ပုမ က သူ့ကို ဆူဆဲမှာ ကျိန်းသေသည်။

ဒေါ်ပုမက သူ၏ ဆိုက်ကားကို ဂရုမစိုက်တဲ့လူဆိုရင်

ဘယ်တော့မှ မငှားတော့ပါ။

ဦးကျင်မောင် ဆိုက်ကားဆီကိုတော့ ပြန်သွားယူချင်သည်။ ဒါပေမဲ့ သူမြင်လာရတဲ့မြင်ကွင်းကို သူစိတ်က ချောက်လှန့်နေသည်။ သူတစ်ယောက်ထဲလည်းမသွားရဲပါ။ ဒါကြောင့်လည်း မောင်တူးကို ခေါ်ဖို့လုပ်နေတုန်း ခရီးသည်နဲ့ ပါသွားခဲ့သည်။

သူ၏ ဆိုက်ကားကို တစ်ယောက်ယောက် ယူသွားမှာလည်း စိုးရိမ်နေသည်။ ဒါကြောင့် မောင်တူးကိုပဲ စောင့်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

မကြာခင်မှာပဲ မောင်တူး ပြန်ရောက်လာသည်။

“ဟ… ဦးကျင်မောင် မသွားသေးဘူးလား”

“အေး… မသွားရဲဘဲ ဖြစ်နေတယ်၊ မင်း ငါ့ကို လိုက်ပို့ပါကွာ၊ ငါတစ်ယောက်ထဲ မသွားရဲလို့ပါ”

ထိုအခါ မောင်တူးဦးကျင်မောင့်ကိုကြည့်ပြီး သနားသွားသည်။ ကိုယ်ချင်းလည်း စာမိသည်။ ဘာဖြစ်လို့လည်းဆိုတော့ သူလည်း ကြုံခဲ့ဖူးသည်မဟုတ်ပါလား။ သူကြုံခဲ့သည်က ဒီနယ်က မဟုတ်ပါ။ သူ၏နယ်ဖြစ်တဲ့ အညာဒေသမှ ဖြစ်သည်။ ယခု သူတို့ ဒီနယ်မြေကို ပြောင်းလာခဲ့တာ မကြာသေးပါ။ တစ်နှစ်လောက်ပဲ ရှိအုံးမည်ဟု ထင်ပါသည်။

ယခုဦးကျင်မောင် တစ်ယောက် သူ၏ဆိုက်ကားပြန်ယူချင်ပေမယ့် အဖော်မရှိတဲ့အဖြစ်ကို ကိုယ်ချင်းစာမိသည်။

"လာ… ဦးကျင်မောင် ကျွန်တော် လိုက်ပို့ပေးမယ်၊ နှစ်ယောက်ဆိုတော့ နည်းနည်းအားရှိတာပေါ့"

သူတို့နှစ်ဦးတွင် မောင်တူးက ဆိုက်ကားနင်းပြီး ဦးကျင်မောင်က ထိုင်ကာ လိုက်ခဲ့သည်။ လကလည်း မိုက်၊ ညကလဲ မှောင်ဆိုတော့ ကားလမ်းတစ်လျှောက် ကားမီးရောင်ကို ကြည့်ကာ နင်းလာခဲ့သည်။ မောင်တူးလည်း ဦးကျင်မောင် ဆိုက်ကားရှိရာသို့ နင်းလာခဲ့ရာ ဆိုက်ကားက တော်တော်ဝေးသေးတာတွေ့ရသည်။ ကားလမ်းဘေးဆိုပေမယ့် လမ်းတစ်လျှောက် လူတွေလည်း တစ်ယောက်မှ မရှိပါ။

တစ်ယောက်စ နှစ်ယောက်စတောင် မတွေ့ပါ။ မကြာသောအချိန်မှာပဲ ကားလမ်းဘေး သချိုင်းကုန်းနားသို့ ရောက်လာသည်။ မောင်တူးလည်းဦးကျင်မောင်ရဲ့အဖြစ်အပျက်ကို သိထားခဲ့၍ သူပါ ကျောနည်းနည်း ချမ်းလာသည်။ ယောကျာ်းဆိုပေမယ့် သရဲတော့ ကြောက်မိသည်။

ယခု အဖြစ်အပျက်ကလည်း ပူပူနွေးနွေးလေး သရဲနဲ့

တွေ့ခဲ့တယ်ဆိုတော့ သူလည်း လန့်နေမိသည်။ ထိုအခါ ဦးကျင်မောင်က …

"ဟိုမှာ ဆိုက်ကား မြင်နေရပြီ"

အမှောင်ထဲမှာမို့ ဆိုက်ကားက အမြင်ရပေမယ့် အနားရောက်ခါနီးတော့ နည်းနည်းမြင်တွေ့လာရသည်။

သူတို့ ဆိုက်ကားနားသို့ရောက်တော့ ဆိုက်ကားပေါ်မှ အမျိုးသမီးနှစ်ဦး မရှိတော့ပါ။ ဦးကျင်မောင်လည်း ဆိုက်ကားပေါ် အမြန်တက်ပြီး နောက်ပြန်လှည့် နင်းလိုက်ခဲ့လေတော့သည်။

ဦးကျင်မောင်လည်း ဆိုက်ကားနင်းယင်း နောက်ပြန်လှည့်ကြည့်လှည့်ကြည့်လုပ်ပြီး သချိုင်းကုန်းဘက်သို့ ကြည့်မိသည်။ ဘယ်သူမှ မတွေ့၍စိတ်သက်သာရာရပြီး ဆိုက်ကားဂိတ်သို့ အမြန်နင်းလာခဲ့လေတော့သည်။ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ မတင်မကျ ဖြစ်မိသည်။

ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင် အမျိုးသမီးနှစ်ယောက်ကို စကားပြောခဲ့ရသည် မဟုတ်ပါလား။ ဘယ်လို… ဘယ်လို… သရဲဖြစ်သွားရတာလဲ၊ သရဲအစစ်မှ ဟုတ်ရဲ့လား၊ ဥစ္စာစောင့်တွေများလားလို့ စိတ်ထဲမှာ ထင်မိသည်။ ဘာပဲဖြစ်ဖြစ်

မကျေနပ်ဘူး၊ မနက်မိုးလင်းရင်တော့ သချိုင်းဘက် တစ်ခေါက်သွားကြည့်မည်ဟု စိတ်ထဲမှ တေးမိသည်၊

ဆိုက်ကားဂိတ်ရောက်တော့ ဆိုက်ကားကို ဂိတ်ထိုးဖို့ နောက်ပြန်ဆုန်ရန် အလုပ်တွင်...

"ဟင်..."

ကူရှင်ပေါ်တွင် စာရွက်လေးတစ်ရွက် တွေ့ရသည်၊

"ဘာစာပါလိမ့်"

ဟု စိတ်ထဲမှ တွေးမိသည်၊ ဟိုအမျိုးသမီးတွေရဲ့စာများ ကျန်ခဲ့သလားလို့ ထင်မိသည်၊ စာရွက်လေးက လေးချိုးခေါက်ထားသည်၊ စာရွက်ကလည်း တစ်ဖက်တွင် ပန်းပုံများပါသည်၊ တစ်ဖက်ကတော့ စာရေးထားသည်၊

ဦးကျင်မောင်လည်း စာပါသောဘက်သို့ လှည့်ကာ စာကိုဖတ်လိုက်မိသည်၊

"ဦးလေးရှင်...မနက်မိုးလင်းရင် ဆိုက်ကားခ လာယူပါ"

"ဟာ...ဟင်...ဟုတ်မှဟုတ်ရဲ့လား"

ထိုသို့တွေးနေစဉ်...

"သူခိုးဗျို့...သူခိုး... သူခိုး..."

သူတို့ဆိုက်ကားဂိတ်မလှမ်းမကမ်းမှ သူခိုးနှစ်ယောက်ကရှေ့မှပြေးသွားသည်။ နောက်မှလူအုပ်ဆယ်ယောက်လောက်က လိုက်သည်။ ဒါပေမဲ့ ရှေ့ကပြေးသွားသော သူခိုးနှစ်ယောက်က ရှေ့သို့ တော်တော်ရောက်နေသည်။ နောက်မှ လိုက်တဲ့လူတွေကလည်း မလိုက်ရဲ၊ လိုက်ရဲနှင့် လိုက်နေမှန်း သိသာသည်။

ရှေ့မှပြေးသွားသော သူခိုးနှစ်ယောက်က သင်္ချိုင်းဘက်သို့ ရောက်သော် သင်္ချိုင်းကုန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြသည်။

ထိုအခါ နောက်မှလိုက်လာသောသူများက သင်္ချိုင်းထဲသို့ ပြေးဝင်သွားသော သူခိုးနှစ်ယောက်နောက်သို့ ဆက်ပြီး မလိုက်ရဲတော့ဘဲ သင်္ချိုင်းရှေ့မှ ဟိုကြည့် ဒီကြည့် ကြည့်ပြီး တစ်ယောက်တစ်ပေါက်ပြောကာ ပြန်သွားကြလေသည်။

ထိုအခါ သူခိုးနှစ်ယောက်က သူတို့၏ နောက်မှ လိုက်လာသောသူများပြန်သွားတာတွေ့၍ သင်္ချိုင်းထဲမှ ထွက်လာခဲ့ကြသည်။ ပြီးနောက် အုတ်ဂူနှစ်လုံးက ဆက်လျှက်လုပ်ထား၍ ၎င်းပေါ်တွင် ခေတ္တနားကြသည်။

ပြီးနောက် သူတို့ ခိုးလာခဲ့သော ပစ္စည်းကို ၎င်းပေါ်မှာပဲ

လက်နှိပ်ဓာတ်မီးထွန်းကာ ခွဲဝေယူကြသည်။ ထိုအခါ သူတို့ ခိုးလာခဲ့သော ပစ္စည်းများက အမျိုးစုံလေသည်။ သူတို့ထည့်လာသောလွယ်အိတ်စုတ်လေးထဲသို့ထိုးသိပ်ထည့်လာ၍လွယ်အိတ်အောက်က ပေါက်ပြဲနေတာ သူတို့မတွေ့ပါ။

ထိုအပေါက်ထဲမှ ဆွဲကြိုးလေးတစ်ခုက ထွက်ကျကာ ဂူနှစ်ခု ကြားတွင် တင်ကျန်ခဲ့သည်။ ၎င်းသူခိုးနှစ်ဦးကလည်း ပစ္စည်းများထုတ်ကာ အမြန်ခွဲဝေလိုက်ကြသည်။

ကြာရင် သူတို့ ဓာတ်မီးရောင်ကြောင့် ခုနက သူများ ပြန်လာမှာစိုးရသည် မဟုတ်ပါလား။ ထိုအခါ သူခိုးနှစ်ဦးက...

"ဟိတ်ကောင် ဓာတ်ခဲ... အမြန်လုပ်ကွ... ငါတော့ကြောက်တယ်"

ဓာတ်ခဲဆိုတဲ့သူက...

"မင်းက ဘာကြောက်တာလဲ"

"သရဲကွ"

"သူခိုးလုပ်နေပြီး သရဲကြောက်ရလား"

"ဘာပဲဖြစ်ဖြစ်ကွ... အမြန်ခွဲ၊ ပြီးရင် မင်းနဲ့ ငါလည်း လမ်းခွဲရအောင်... တို့အတွက် တစ်နှစ်စာ ဖူလုံသွားပြီ"

ကျန်တစ်ယောက်ဖြစ်တဲ့ မဲလုံးက သူဖြစ်စေချင်သော အရာကိုအမြန်ပြောနေမိသည်။ ထိုအခါ ဓာတ်ခဲ ဆိုသူကလည်း။

ဂူပေါ်တွင် ပစ္စည်းထုတ်ကာ နစ်ပုံ ပုံလိုက်သည်။ ပြီးတော့ မဲလုံးကိုကြိုက်တဲ့ပုံယူဟုပြောပြီး ခွဲဝေလိုက်ကြသည်။ မဲလုံး မယူသော အပုံကို ဓာတ်ခဲက ယူလေသည်။

ပြီးနောက် သူတို့နှစ်ဦး သချိုင်းထဲမှ ထွက်လာခဲ့ကြတော့ သည်။

○

မနက်မိုးလင်းတော့ ဦးကျင်မောင် တစ်ယောက် ညက ရခဲ့သော စာလေးကို ထုတ်ကြည့်ပြန်သည်။ ထိုအခါ စာရွက်ကို သေချာကြည့်တော့...

"ဟင်..."

အခေါင်းမှာကပ်သော စက္ကူဖြင့် ရေးထားတာ တွေ့ရ၍ နည်းနည်းတော့ လန့်မိသည်။ ဒါပေမဲ့ စာကိုတော့ သူ စိတ်ဝင်စား သည်။ တစ်ညလုံးလည်း သွားသင့်၊ မသွားသင့် စဉ်းစားနေသည်။ မနက်မိုးလင်းပြန်တော့ ဒီအကြောင်းပဲ စိတ်ထဲတွင် အရင်သတိရ လာသည်။

ဒါနဲ့ ဦးကျင်မောင်လည်း မနက်မိုးလင်းလင်းချင်း သွားမယ်ဟု ဆုံးဖြတ်လိုက်သည်။

ဒီနေ့ကလည်း အလုပ်ကလည်း နားရသည်၊ သူ့မှာက လည်း ဘာအလုပ်မှ လုပ်စရာမရှိပါ။ ဆိုက်ကားကလည်း ညနေ ရောက်မှ ရမည်ဖြစ်၍ ဘာပဲဖြစ်ဖြစ် သွားကြည့်မည်ဟု ဆုံးဖြတ် လိုက်လေသည်။

မနက်စာ ထမင်းကြမ်းနှင့် ပဲပြုတ်စားပြီး ကားလမ်းပေါ် သို့ ထွက်လာခဲ့သည်။ ပြီးနောက် ကားလမ်းတစ်လျှောက် လမ်း လျှောက်လာခဲ့သည်။ တဖြည်းဖြည်း ဆိုက်ကားဂိတ်ကိုကျော်လာ သည်၊ ဆိုက်ကားဂိတ်တွင် မောင်တူးများ ရှိမလားလို့ ကြည့်မိ သည်။ ဒါပေမဲ့ မတွေ့ပါ။ ဒါနဲ့ ဦးကျင်မောင်တစ်ယောက် သချိုင်း ဘက်သို့ ဆက်ပြီး လျှောက်လာခဲ့သည်၊ မနက်မိုးလင်း၍ လူများ က တစ်ယောက်စ နှစ်ယောက်စတော့ တွေ့သည်၊

ဒါပေမဲ့ သူနဲ့သိတဲ့သူတော့ မတွေ့ပါ၊ ဦးကျင်မောင် သချိုင်းနားသို့ ရောက်လာသည်။ ပြီးနောက် ရေမြောင်းကိုကျော် ကာ ပထမဦးဆုံးတွေ့သော အုတ်ဂူနှစ်လုံးဆက်ကို အရင်တွေ့၍ ၎င်းနားသို့ အရင်သွားကြည့်သည်၊

"ဟင်..."

ပထမတစ်ခုက ဝေမာဦး... အသက် ၂၀...

ဒုတိယတစ်ခုက ဝေမာထွေး... အသက် ၂၀...

"ဟာ..."

ဦးကျင်မောင် အုတ်ဂူနှစ်လုံးရဲ့စာများကို မြင်လိုက်ရသောအခါ ကျောထဲစိမ့်ခနဲ ခံစားလိုက်ရသည်။ သူ၏ ဆိုက်ကားကို စီးခဲ့သော သူများဖြစ်နေ၍ ပိုပြီး စိတ်မကောင်းဖြစ်မိသည်။

ယခုမှတော့ ဦးကျင်မောင်လည်း ကြောက်စိတ်များမရှိတော့ဘဲ သူမတို့နှစ်ဦးကို သနားသွားသည်။ နှစ်ဦးစလုံးက အမွှာများဖြစ်၍ တစ်နေ့ထဲ သေဆုံးပုံရသည်ဟု ထင်မိသည်။

"ဖြစ်မှဖြစ်ရလေ ကလေးတို့ရယ်..."

ဟု ပါးစပ်မှပြောပြီး အုတ်ဂူပေါ်တွင် တင်နေသော သစ်ရွက်ခြောက်များကို ဖယ်ရှားပေးမိသည်။ ထိုအခါ ...

"ဟင်...ဟာ..."

"ဆွဲကြိုးလေး တစ်ကုံးပါလား၊ ဘယ်သူ့ဟာပါလိမ့်... ဒီ နေရာ ဒီဒေသမှာဆိုတော့ ဘယ်သူကများ လာထားမလဲ... မဖြစ်နိုင်ပါဘူး"

ထိုအခါ ဦးကျင်မောင် ညကစာကို သတိရသွားသည်။

"ဟာ... ဟုတ်သားပဲ... ငါ့ကို ဆိုက်ကားခလာယူဖို့ သမီးတို့ စာရေးပေးထားတာပဲ၊ ငါ့ကိုများ ပေးသလား"

ဟု ဦးကျင်မောင် မယုံမရဲဖြစ်ကာ ဝမ်းသာနေမိတာတော့အမှန်ပဲ...

ဘာပဲဖြစ်ဖြစ် ဦးကျင်မောင်ကတော့ ဆုံးဖြတ်လိုက်လေသည်။

"သူနဲ့ ထိုက်လို့ သူ့ရတာပဲလို့"

ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။ သူလည်း ဒီနေရာမလာဖြစ်ရင် သူ့ရဖို့ မဟုတ်ပါ။ ညက စာကြောင့် သူယုံမိ၍ သူလာခဲ့သည် မဟုတ်ပါလား...

"ဒါဆို သမီးတို့က ဦးကို ဆိုက်ကားခပေးတယ်လို့ ဦးယူဆလိုက်ပြီးနော်... ပိုတဲ့ငွေကို သမီးတို့အတွက် အလှူလုပ်ပေးမယ်၊ သာဓုသာခေါ်ဖို့ သမီးတို့ လာခဲ့ကြနော်..."

ဟု ဦးကျင်မောင် တစ်ယောက် ဆွဲကြိုးလေးကိုကြည့်ကာ ဝမ်းသာပီတိဖြစ်လျှက် အိမ်သို့ ပြုံးပျော်ရွှင်စွာ လျှောက်လာခဲ့လေတော့သည်။

မင်းစကြာ


ထန်းနှစ်ပင်

# ထန်းနှစ်ပင်

ကျောင်းဆရာလေး ကိုမြင့်မောင်သည် မူလတန်းပြ ကျောင်းဆရာလေးဖြစ်သည်။ သူသည် ဒီရွာတွင် မူလတန်းမှ လွဲပြီး ဘယ်အတန်းမှ မပြပါ။ အတန်းပြောင်းရန် ပြောသော် လည်း သူကိုယ်တိုင်က မပြောင်းပါ။ သူပြသော အတန်း၊ သူပြ သောကျောင်းသူ၊ ကျောင်းသားများကိုသာ သူဂရုစိုက်သည်။ သူ့ ကို အခြားဆရာ၊ ဆရာမများက လူ့ဂွစာ၊ လူ့တာယူသန်၊ လူ့အတ္တ ဆရာဟု ဝိုင်းပြီးပြောကြသည်။

ဒါပေမဲ့ ကိုမြင့်မောင်ကတော့ ဂရုမစိုက်ပါ။ သူပြသော အတန်းက ကလေးတွေကတော့ သူ့ကို ချစ်ကြသည်။ သူကလည်း ချစ်အောင် နေတတ်သည်။ မနက် အိမ်ကကျောင်းလာရင် ကလေးတွေအတွက်ဆိုပြီး သကြားလုံးလေးတွေ ဝယ်လာပေးသည်။ ကလေးတွေကိုလည်း ဘယ်တော့မှ ဆူဆဲ ရိုက်နက်တာ မရှိခဲ့ပါ။ သူပြောတာကို ကလေးများက နားထောင်သည်။ ကိုမြင့်မောင်က စကားပြောလျှင်လည်း အမြဲပြုံးရွှင်သော မျက်နှာဖြင့် ပြောဆိုတတ်၍ ကလေးများက မကြောက်ပါ။ ဒါပေမဲ့ ပြောစကားတော့ နားထောင်သည်။

တစ်နေ့တွင် ကျောင်းသားလေးတစ်ယောက်က သူ၏ နံဘေးမှ ကလေးတစ်ယောက်ဆီမှ ခဲတံတစ်ချောင်း လုယူလိုက်သည်။ ထိုအခါ အလုခံရသောကလေးက ငိုပြီး ဆရာကိုမြင့်မောင် ဆီ လာတိုင်သည်။

ထိုအခါ ဆရာကိုမြင့်မောင်က ခဲတံလုယူသော ကျောင်းသားကိုခေါ်ပြီး...

"ကလေးက သူ့ဆီက ခဲတံလုတယ်ဆို..."

"ဟုတ်ကဲ့... ဆရာ"

"ဘာကြောင့် လုရတာလဲ... သားမှာ ခဲတံမပါလို့လား"

"ဟုတ်ကဲ့ဆရာ သားကို အမေက ခဲတံမဝယ်ပေးလို့ပါ"

ကိုမြင့်မောင်လည်း ကလေးရဲ့ ပွင့်လင်းတဲ့ အပြောကြောင့် ခဲတံလုသော ကလေးကို သနားသွားသည်။ ထိုအခါ ကိုမြင့်မောင်က ခဲတံလုသော ကလေးကိုကြည့်ပြီး သူ၏ စားပွဲထဲမှ ခဲတံတစ်ချောင်းနှိုက်ကာ ချွန်စက်ဖြင့် တစ်ခါထဲ ချွန်ပြီးပေးလိုက်သည်။

ပြီးနောက် သူ လုယူခဲ့သော ခဲတံကို ပိုင်ရှင်ထံ ပြန်ပေးခိုင်းသည်။

ထိုအခါ ကျောင်းသားလေးလည်း သူလုသော ခဲတံကို သူ၏လွယ်အိတ်ထဲမှ ယူကာ ထုတ်ပေးလိုက်သည်။ ပြီးနောက် ကိုမြင့်မောင်က ...

"သားတို့ နောက်ဆိုရင် သူများပစ္စည်း မခိုးရဘူး၊ မသိအောင် မယူရဘူး၊ မလုရဘူးနော်... လိုချင်တာရှိရင် ဆရာ့ဆီကို လာပြောနော်... ဆရာပေးမယ်... ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါဆရာ... သားတို့နောက်ဆိုရင် သူများပစ္စည်း မယူတော့ပါဘူး"

ဟု ပြောကာ ကလေးများလည်း အတန်းထဲသို့ ဝင်ထိုင်လိုက်လေသည်။

ကိုမြင့်မောင်၏ စေတနာ၊ မေတ္တာကြောင့် ကလေးများ ဆရာကို ချစ်ကြသည်။ ကိုမြင့်မောင်ကလည်း ကလေးများကို ချစ်သည်။

သူ၏အလုပ်က ကလေးများကို စာပြမည်။ အိမ်ပြန်ရောက်လျှင် သူ ဝါသနာပါသော ဗိုထိုးခြင်းအလုပ်ကို လုပ်သည်။ သူ့ကို တခြားလူများက ပြဒါးရှူး၊ သံရှူးဟု ခေါ်ကြသည်။ ဒါကလည်း ရှေ့တွင် မခေါ်ပါ။ နောက်ကွယ်မှာ ခေါ်ခြင်းဖြစ်သည်။ သူကတော့ ဘယ်သူက ဘာပဲပြောပြော ဂရုမစိုက်ပါ။ ကျောင်းကပြန်ရင် ဗိုထိုးနေရရင် ကျေနပ်သူဖြစ်သည်။

သူ၏ အလုပ်က တစ်နေ့ထဲ မဟုတ်ပါ။ နေ့တိုင်းဖြစ်သည်။ သူ နေ့တိုင်း ဗိုထိုးနေရ၍ သူ့အာရုံက ဗိုသံဖြစ်သော ဖားဖို၏ ရှူးရှဲ...ရှူးရှဲ...ဟူသော အသံ မကြားရလျှင် အိပ်မပျော်တော့ပါ။

ကိုမြင့်မောင်က ရွာ၏ထိပ် မရောက်တရောက်တွင် ဆယ်ပေပတ်လည်သာသာလေးသာကျယ်တဲ့ အိမ်လေးမှာ တစ်ယောက်ထဲ နေသည်။ သူ၏မိဘများ က သူငယ်ငယ်ကတည်းက

ဆုံးသွားသည်ဟုတော့ ပြောသည်။ သူ့ကို ဘဘုန်းကြီးက မွေးစားပြီး ကျောင်းပညာသင်ပေးခဲ့သည်။

သူ ဆယ်တန်းမှာ နှစ်နှစ်ကျ ၍ ကျောင်းဆက်မတက်တော့ဘဲ ရွာက ကလေးများကို စာပြပေး တဲ့ အလုပ်ပဲလုပ်သည်။ ကျောင်းသားမိဘများပေးတဲ့ ငွေစလေးနဲ့ပဲ ကျေနပ်ကာ သူ၏ဘဝကို ဆက်ခဲ့ရသည်။ ကျောင်းသားမိဘ များပေးတဲ့ ငွေစလေးနဲ့ သူ့ဘဝသူ လောက်ငသည်။ တစ်ခါတလေ ကျောင်းသားလေးများကိုလည်း မုန့်များပင် ပြန်ပြီး ဝယ် ကျွေးလိုက်သေးသည်။

ဒါကြောင့်လည်း ကျောင်းသားမိဘများက ဆရာ ကိုမြင့်မောင်အတွက်ဆိုပြီး ဟင်းတစ်ခွက်တော့ အမြဲလာလာပို့သည်။ ကိုမြင့်မောင်ကလည်း သူ့မှာက အပိုကုန်စရာမရှိတော့ ရတဲ့ အချိန်ပိုလေးမှာ သူ ဝါသနာပါသော ဗိုထိုးခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်။

တစ်နေ့တွင် ကျောင်းပိတ်ရက်ဖြစ်၍ ဗိုထိုးဖို့ ပြင်ဆင်လေသည်။ မီးဖိုထဲတွင် မီးသွေးတုံးလေးများ အရင်ထည့်သည်။ ပြီးနောက် လုံလေးထဲတွင် ရှိနေသော ပြဒါးလုံးလိုလို အဖြူတုံး၊ အမည်းတုံးလေး နှစ်တုံး၊ သုံးတုံးကို ရှိသေးလားလို့ အရင်ကြည့်လိုက်သည်။

ရှိနေတာတွေ့၍ ထမင်းအိုးကျက်၍ ကျန်ရှိနေသော မီးသွေးများပေါ်တွင် လုံလေးတင်ပြီးသားဆိုတော့ တစ်ဖက်တွင် ဖားဖိုလေးကို ကြိုးဆွဲလိုက်သည်။ ဖားဖိုမှ ထွက်လာသော အသံ "ရှူးရှဲ...ရှူးရှဲ..." ဟူသော အသံနဲ့အတူ တစ်ဖက်က မီးဖိုရဲ့အောက် အပေါက်မှ လေများ တက်လာကာ မီးသွေးခဲတုံးများ ရဲတက်လာသည်။

ပြီးနောက် ဖားဖိုကို မှန်မှန်လေးဆက်ပြီး ထိုးကာ လုံထဲသို့ မျက်စိက စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ ထိုအခါ လုံထဲတွင် မျက်နှာလေးတစ်ခုပေါ်လာသည်။ မျက်နှာလေးက အမျိုးသမီးတစ်ဦးရဲ့ပုံဖြစ်သည်။

ပြီးနောက် မျက်လုံးကိုမှိတ်ကာ ဖားဖိုကို လက်တစ်ဖက်က မပြတ် ထိုးနေသည်။ ထိုအခါ "ရှူးရှဲ... ရှူးရှဲ... ရှူးရှဲ..." အသံက တဖြည်းဖြည်းပျောက်ကာ သူ့ကို လူတစ် ယောက်က စကားတစ်ခွန်းလာပြောနေသလား ထင်မိသည်။ ပြီး နောက် မှေးခနဲ ထိုင်လျှက် အိပ်ပျော်သွားသည်။

ခုနက မြင်လိုက်သော မျက်နှာလေးနဲ့ ကောင်မလေး တစ်ယောက် မြင်ကွင်းထဲတွင် ပေါ်လာသည်။

ငှင်းမိန်းကလေးသည် စက်ဘီးစီးလာသည့်၊ သူ့ဘေး
တွင် ကောင်မလေးနှစ်ယောက်ရဲ့ကာ ရွာလမ်းတစ်လျှောက်
ထန်းတောထဲမှဖြတ်ကာ စီးလာကြသည်။

ထိုအခါ ထန်းနှစ်ပင် ရှိသော နေရာအရောက်တွင်
အလယ်က ကောင်မလေးက ရုတ်တရက် စက်ဘီးလဲကျကာ
မြေပြင်မှ အရာတစ်ခုနဲ့ ဆောင့်မိပြီး သွေးများထွက်လာတာ
တွေ့ရသည်။

"ဟင်...သွေးတွေ...သွေးတွေ...သွေးတွေ..."

ဟု ရုတ်တရက် အော်ကာ လန့်နိုးသွားသည်။ ကိုမြင့်
မောင် ဖားဖိုထိုးလျက် အိပ်ငိုက်နေရာမှ ရုတ်တရက်လန့်ကာ
နိုးသွားသည်။ နိုးနိုးချင်း စိတ်ပူကာ ငှင်းမိန်းကလေးကို သူ မှတ်မိ
နေသည်။ ငှင်းမိန်းကလေးကို သူ စိုးရိမ်သွားသည်။

သူ မက်ခဲ့သော အိပ်မက်အရဆိုလျှင် သူမမှာ အန္တရာယ်
နေပြီဆိုတာ သိလိုက်သည်။

သူ၏ အိပ်မက်ထဲမှာ အမျိုးသမီးက သွေးတွေထွက် ပြီး
လဲကျသွားတာသာ သိခဲ့ရသည်။ သေသလား၊ ရှင်သလားဆိုတာ
မသိလိုက်ပါ။

သူ ဆုံးဖြတ်ချက်ချလိုက်သည်။ ငင်းမိန်းကလေးကို သွား
သတိပေးရမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့ရဲ့ အိပ်မက်က မှန်ခဲ့
ရင် သူ အာရုံရတာ မှန်လျှင်တော့ သူဟာ ရှေ့ဖြစ်မယ့် နိမိတ်လက္ခ
ဏာတွေကို ဒီလိုမြင်တွေ့နေရတာ ကောင်းသောလက္ခဏာတော့
မဟုတ်နိုင်ဘူး။

ဒါပေမဲ့ ဘာကြောင့် ဒီလို သူ့ကိုမှ လာပြီး အိပ်မက် ပေး
တာလဲဟု ကိုမြင့်မောင် စဉ်းစားမရဖြစ်မိသည်။

ဘာပဲဖြစ်ဖြစ် သူ မက်ခဲ့သော အိပ်မက် မှန် မမှန်တော့
မသိပါ။ အဲဒီကောင်မလေးကိုတော့ သွားပြီး သတိပေးထား
သတိမပေးမိရင် နောင်မှ နောင်တမရဖြစ်မိမှာ သူ စိုးရိမ်မိသည်
သူ့ရဲ့စိတ်တွေလည်း လေးနေသည်။

ဒီဖိုကျပြီးရင် အပြင်သွားမယ်။ ပြီးရင် မိန်းကလေးနေ
ရွာထဲကိုသွားပြီး သတိပေးရမယ်။ ပြီးရင်တော့ သူလုပ်ဆော
ရမယ့် တာဝန်ပြီးဆုံးပြီလို့ သတ်မှတ်ရမှာပေါ့...

ဟု သူ့ကိုယ်သူ သတိပေးမိသည်။

ကိုမြင့်မောင် ဖိုထိုးတာ ရပ်လိုက်သည်။ ပြီးတော့ ရေ
ရန် ထလိုက်သည်။ ရေမိုးချိုးကာ သန့်စင်ပြီး ရွာထဲသို့ ထွက်လ
ခဲ့သည်။

သူ၏အိမ်မှ ရွာထဲသို့ ဆယ်မိနစ်လျှောက်ရင် ရောက်သည်၊ သူလျှောက်ရာလမ်းတစ်လျှောက်တွင် စဉ်းစားလာခဲ့သည်၊

သူရွာထဲသို့ရောက်ပြီးသူမြင်လိုက်ရသောအိမ်...မိန်းကလေးရဲ့အိမ်ကို တွေ့ရပြီဖြစ်သည်၊

ထိုအခါ ကိုမြင့်မောင်က ခြံဝမှ...

"မိနန်းရေ... မိနန်း..."

"ဆရာလေး...ကျွန်မတို့က ဒီမှာ..."

ကိုမြင့်မောင်လည်း ကျွန်မတို့က ဒီမှာပြောလိုက်တာကြား၍ တစ်ယောက်ထဲမဟုတ်ဘူးဆိုတာ သိလိုက် ကြားလိုက်သည်၊ အသံလာရာဆီသို့လိုက်ကြည့်ပြီးခြံထဲသို့ဝင်လိုက်သည်၊

ထိုအခါ ခရေပင်အောက်တွင် ထိုင်ခုံအဝိုင်းလေးနားတွင် မိနန်းနဲ့အတူ အမျိုးသမီးနှစ်ဦးပါ တွေ့လိုက်သည်၊

"လာ...ဆရာလေး...ကိစ္စရှိလို့လား"

"အေး...ဟုတ်တယ်၊ ကိစ္စက အရေးကြီးတယ်၊ သေရေးရှင်ရေးလောက် အရေးကြီးတယ်၊ ဒီရက်ထဲမှာ မိနန်း သွားတာ၊ လာတာ သတိထားပါ၊ သမီးမှာ အန္တရာယ်ရှိနေပြီ၊ အထူးသဖြင့်

ရွာထိပ်က ထန်းနှစ်ပင်နားကို မသွားနဲ့"

ကိုမြင့်မောင် ပြောနေသော စကားကို မိနန်းက ပါးစပ်အဟောင်းသားနဲ့ နားထောင်နေမိသည်။ သူ၏ဘေးရှိ သူငယ်ချင်းနှစ်ယောက်က ဆရာလေး ကိုမြင့်မောင်ကို ကြည့်ကာ တစ်ယောက်က မကျေနပ်သော လေသံဖြင့်...

"ဆရာလေး... ရှင်ဘာတွေလာပြောနေတာလဲ... ရှင့်ဟာရှင် ဗိုလ်ထိုးပြီး ရှုးကြောင်မှူးကြောင်နဲ့ တွေ့ရာမြင်ရာတွေလာမပြောနဲ့၊ ကျွန်မတို့ကိုလည်းလာပြီးမချောက်ပါနဲ့၊ ရှင့်အလုပ်ရှင်လုပ်ပါ"

ကိုမြင့်မောင်မှာ သူ့ကို ရန်တွေ့ပြန်ပြောသော မိန်းကလေးကို မနစ်လိုဖွယ်ရာအကြည့်ဖြင့် ကြည့်လိုက်သည်။ ထိုအခါ နောက်တစ်ယောက်ကလည်း ဆက်ပြီး...

"ဒီမှာ ဆရာလေး... ဆရာလေးက ဘာမြင်ခဲ့လို့ ဘာကြောင့် လာပြောနေတာလဲ၊ ကျွန်မတို့က ကြောက်တတ်တဲ့သူတွေမဟုတ်ဘူးနော်..."

ဆရာ ကိုမြင့်မောင်လည်း သူလာပြီး သတိပေးရုံသာလာခဲ့သည် မဟုတ်ပါလား။ သူတို့နဲ့ ရန်တွေ့ချင်တဲ့စိတ် ရှိသူမဟုတ်ပါ။

ရန်ဖြစ်ချင်တဲ့စိတ်လည်း သူ့မှာ မရှိပါ။ ယခု သူ လာပြောတာ သူမတို့က နားမဝင်ဘူး၊ နားမထောင်ဘူး၊ မယုံဘူးဆိုရင်တော့ သူ့လာလမ်းအတိုင်း လှည့်ပြန်ရုံသာ ရှိတော့သည် မဟုတ်ပါလား။

သူ့မှာက ယုံပါလို့လဲ ပြောနိုင်တဲ့ အင်အားမရှိပါ၊ သူကသာ လာပြီးသတိပေးရုံပဲ လုပ်နိုင်သည်။ တားပိုင်ခွင့်၊ အမိန့်ပေးပိုင်ခွင့်မှ မရှိတာ။ ကိုမြင့်မောင်လည်း သူမတို့နဲ့ အချေအတင် မပြောတော့ဘဲ နောက်ပြန်လှည့်ကာ ပြန်ခဲ့လေတော့သည်။

၀

ထန်းတပင်ရွာမှပြန်လာခဲ့သောစက်ဘီးသုံးစီးပြိုင်ကာနင်းလာနေသည်။ တဖြည်းဖြည်း နီးလာသောအခါ ကောင်မလေး သုံးယောက် ဖြစ်နေတာ တွေ့ရသည်။ သူတို့ သုံးဦး ထန်းတပင်ရွာသို့ အလှူတစ်ခုကြောင့် စက်ဘီးဖြင့် လာကြသည်၊ သူတို့နေသောရွာ (ကိုင်းတောရွာ)နဲ့က နစ်မိုင်ကျော်သာ ဝေးသည်၊ ရွာထိပ်တိုင်းတွင် ထန်းပင်များဖြင့် စီစီရီရီရှိနေတာ သူတို့ရွာ၏ အလှတရားပင် မဟုတ်ပါလား။

ထိုအခါ ဘေးမှ မိစုက...

"မိနန်း... အလှူက ချက်ထားတဲ့ ဝက်သားတုံးကြီးက အရမ်းစားကောင်းတာပဲ..."

"ဟုတ်ထယ်... မိစုပြောတာမှန်တယ်... ငါလည်း စားကောင်းကောင်းနဲ့ စားလိုက်တာ နစ်ပန်းကန်တောင် ကုန်သွားတယ်..."

ဘေးတစ်ဖက်မှ စီးလာသော မိပန်းက ပြောလိုက်တာ မိနန်းက ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... နင်တို့ပြောတာ ငါဝန်ခံတယ်၊ ငါလည်း နစ်ပန်းကန်တောင် ကုန်သွားတယ်"

သူတို့ သုံးဦး စက်ဘီးကိုယ်စီစီးကာ ရွာလမ်းအတိုင်း တဖြည်းဖြည်းချင်း နင်းလာကြသည်။ နံနက် နေထွက်ခါစဖြစ်၍ စက်ဘီးက နင်းလို့ကောင်းနေသည်။ တချို့နေရောင်က ထန်းပင် ထန်းလက်တွေကြားမှ ဖြာဆင်းကာ သူမတို့၏ ကိုယ်ပေါ်သို့ ရိပ်ခနဲ ရိပ်ခနဲ ဖြာကာ ကျန်ခဲ့ကြသည်။

မကြာခင်မှာပဲ သူတို့နေသောရွာလမ်းထိပ်သို့ ရောက်လာသည်။ ရွာနားစရောက်တာနဲ့ ထန်းပင်တန်းက ကြိုဆိုနေလေသည်။

တချို့ထန်းပင်များက သုံး လေးပင်ခြားတစ်စု၊ နှစ်ပင်ခြားတစ်စုဖြစ်နေသည်။ ရွာထဲသို့အဝင် ရွာထဲသို့ အရောက် တွင် ထန်းပင်နှစ်ပင်သာ ရှိတော့သည်။ သူတို့နင်းလာသော စက်ဘီးက ၎င်းထန်းပင်နှစ်ပင်နားသို့ အရောက်တွင်...

အလယ်မှ နင်းလာသော စက်ဘီးဖြစ်တဲ့ မိနန်းစက်ဘီးကိုနောက်မှ ဆောင့်ကာ ဆွဲလိုက်သည်။ ထိုအခါ စက်ဘီးပေါ်မှ မိနန်းက လက်ကိုင်ကို မထိန်းနိုင်တော့ဘဲ စက်ဘီးမှ လွင့်ထွက်ကာ ဘေးရှိ ကျောက်တုံးတစ်တုံးပေါ် ချိုစောင်းဖြင့် ရိုက်မိကာ နေရာမှာပင် လဲကျသွားသည်။

ထိုအခါ မိစုနဲ့ မိပန်းက ရှေ့ကိုရောက်သွားသည်။

"ဒုတ်..." ဟူသော အသံကြားမှ သူမတို့၏ သူငယ်ချင်း မိနန်းတစ်ယောက် စက်ဘီးပေါ်မှ ကျကျန်ခဲ့တာ သိလိုက်ရသည်။ သူမတို့လည်း စက်ဘီးပေါ်မှဆင်းကာ မိနန်းရှိရာသို့လာပြီး...

"မိနန်း... မိနန်း..."

ဟု အော်ခေါ်နေမိသည်။ ဒါပေမဲ့ မိနန်းက မကြားနိုင်တော့ပါ။ သူမမှာ ချိုစောင်းတွင် ကျောက်တုံးနဲ့ ခိုက်မိသောအချက်ရာကြောင့် နေရာမှာပင် ချက်ချင်းသေဆုံးသွားတာ သူမတို့ သိနိုင်လိမ့်မည်ဟု မထင်ပါ။

ထိုအခါ သူမကို ရွာထဲမှလူများ ခေါ်ကာ အိမ်သို့ သယ်လာခဲ့ကြသည်။ ရွာထဲသို့ရောက်သော် ကျန်းမာရေးမှူးနဲ့ ပြကြည့်သည်။ ဒါပေမဲ့ မိနန်းတစ်ယောက်ကတော့ အသက်မရှိတော့ပါ။

၀

ယနေ့ မိနန်းရဲ့ အလောင်း သဂြိုဟ်မည်ဖြစ်သည်။ ရွာထိပ်ရှိ သချိုင်း၏ ထင်းပုံပေါ်တွင် အလောင်းကို တင်ထားသည်။ ရွာထဲမှ လူများလည်း ရောက်နေကြသည်။

မိနန်း၏ အဖေ နဲ့ အမေကတော့ မျက်ရည်များ မဆယ်နိုင်ဘဲ သမီးလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်နေသည်။ ထိုအခါ အမေက...

"ဖြစ်ရလေ သမီးရယ်... ဘယ်ဘဝဝဋ်ကြွေးများကြောင့် အခုလို အသက်ငယ်ငယ်နဲ့ သေရတာလည်းကွယ်... အမေ ရင်ထဲ မကောင်းလိုက်တာ... ဟင့်... ဟင့်... ဟင့်..."

"တိတ်ပါ.... မိဝေရယ်... သမီးလေးရဲ့ကံက ဒီလောက်ပဲပါလို့ ဒီမျှပဲ နေရတယ်လို့ပဲ မှတ်ပါ... တို့တွေက နောင်ဘဝမှာ ဒီထက် အသက်ရှည်ရှည်နေရအောင် ဆုတောင်းပေးရတာပေါ့"

မိနန်း၏အဖေက အမေကို နစ်သိမ့်စကားဖြင့် အားပေးလိုက်သည်။ မီးရှို့ရန် အချိန်ကို သူတို့အားလုံး စောင့်နေကြသည်။ ထိုအခါ ရွာထဲမှ လူတစ်ယောက် ပြေးလာနေတာ ဘယ်သူမှမသိလိုက်ပါ။

ငှင်းလူက သချိုင်းနားသို့ရောက်သော် လူရှင်းသောဘက် အလောင်း၏ ခြေရင်းဘက်တွင် ရောက်လာပြီး ပတ်ဝန်းကျင်ကို မျက်လုံးကစားကာ ပတ်ပတ်လည် လိုက်ကြည့်မိသည်။

ထို့နောက် အလောင်း၏ ခေါင်းရင်းဘက်တွင် မိနန်း၏မိဘများက ငိုနေတာတွေ့လိုက်ရသည်။

ထိုအခါ ငှင်းလူက မိနန်း၏ မိဘများနံဘေးမှ သူမ၏သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ မိစုနဲ့ မိပန်းကို ကြည့်လိုက်သည်။ ထိုအခါ ငှင်းမိစုနဲ့ မိပန်းကလည်း သူ့ကို မြင်သွားသည်။

သူမတို့လည်း တစ်ချက်သာကြည့်ပြီး မိနန်းဘက်သို့ ပြန်လှည့်သွားသည်။ ထိုအချိန်တွင် ရွာသူကြီးနဲ့ ဆရာ၊ ဆရာမများက အမိန့်စာများ ဖတ်ကြားနေသည်။ ပြီးနောက် အမိန့်စာပြီး၍ မီးရှို့ရန်အချိန် ကျရောက်၍ ရွာသူကြီးက မီးတုတ်ကိုကိုင်ကာ မီးပုံရဲ့အလယ်ထဲသို့ ထိုးထည့်လိုက်သည်။

မီးညွန့်၊ မီးပန်းများ ဖြာထွက်ကာ မီးပုံပတ်ပတ်လည် မီးပုံကြီးတစ်ခုဖြစ်သွားသည်။ ထိုအခါ အလောင်းကို ကြိုးများ ချည်ထားတာပြတ်ကုန်ပြီးနောက် အလောင်းမှာ ခေါင်းဖက်မှ စပြီးကြွတက်လာသည်။

ထိုကြွတက်လာသော အလောင်းသည် ဆရာလေး ရှိသော သူမ၏ ခြေရင်းဘက်သို့ မျက်လုံးများပွင့်လာ သလား ထင်ရအောင် ခေါင်းထောင်ပြီး ကြည့်နေသည်ဟုထင်ရသည်။ ဒါကို ဆရာလေး ကိုမြင့်မောင်က မြင်လိုက်သည်။ ထိုအခါ ကိုမြင့်မောင်က ...

"မိနန်းရယ်... ငါနင့်ကို အချိန်မှီ သတိလာပေးပါတယ်၊ ဒါပေမဲ့ နင်တို့ကမယုံတော့ ငါလည်း ဘာမှမတတ်နိုင်ပါဘူး၊ ပြီးတော့ သေချင်းတရားဆိုတာကလည်း ငါ ဘယ်လောက်ပဲ တားတား ရမှာမဟုတ်တဲ့အတွက် ငါလည်း ဘာမှလုပ်ပေးနိုင်မှာ မဟုတ်တာ...နင်တို့ကို ငါက ဒါပဲပြောနိုင်တယ် မဟုတ်လား..."

ဟု ကိုမြင့်မောင် စိတ်ထိခိုက်ကာ ဝမ်းနည်းလျှက် ပြော နေမိသည်။

ထိုအခါအလောင်းမှာမီးလောင်မှုပြီးဆုံးသွားတော့ပြန်

ကျကာ မီးလောင်မှုပြီးဆုံးသွားသည်ဟု ထင်ရသည်။ ဒါပေမဲ့ အလောင်းက မီးသာရှိသည် သူမ၏ ခေါင်းဘက်မှ အလင်းတန်း တစ်ခုက ထွက်သွားတာ ကိုမြမောင်မှလွဲပြီး မည်သူမှ မမြင်ကြပါ။

ထိုအခါ အလောင်းမှာ မီးလောင်မှု ပြီးဆုံးသွာ ၂ အားလုံး ပြန်ကုန်ကြသည်။ ကိုမြင့်မောင်ကတော့ မပြန်သေးဘဲ ရှိနေသည်။

ထိုအခါ သူ၏အနားသို့ မိနန်း၏ မိဘနဲ့ သူငယ်ချင်းနှစ်ယောက် ရောက်လာပြီး မိနန်း၏ အဖေက...

"ဆရာလေး... ဆရာလေး... ဘာမှစိတ်မကောင်းမဖြစ်နဲ့တော့ ဆရာလေး လာသတိပေးတာ ဒီကသူငယ်ချင်းတွေက ရန်လုပ်လွှတ်လိုက်တာ ကျွန်တော်သိလိုက်တယ်၊ ဒါကလည်း ဒီက မိစုနဲ့ မိပန်းတို့ပြောပြတာပါ"

ထိုအခါ မိစုနဲ့ မိပန်းက...

"ဆရာ... ကျွန်မတို့ စော်ကားမိတာ ဆရာ့ကို အထင်လွဲပြီးပြောမိတာ တောင်းပန်ပါတယ်နော်..."

"ရပါတယ်ကွယ်... ဆရာလည်း ဖိုထိုးယင်း ဒီအဖြစ်အပျက်ကို မြင်လို့၊ ကြားလို့ လာပြီးသတိပေးတာပါ၊ ဆရာ့အနေနဲ့ကလည်း သတိပေးတာပဲလုပ်လို့ရတာပါ၊ ပြောလို့ရတာပါ၊ ဒါက

လည်းသူရဲ့ကံပေါ့..."

"ဒါနဲ့ သူသေတဲ့နားမှာ ထန်းပင်နှစ်ပင် ရှိတယ် မဟုတ်လား"

ထိုအခါမိစုက...

"ဟုတ်တယ်... ဆရာ၊ မိနန်းလဲကျတာလည်းဒီထန်းပင်နှစ်ပင် နားရောက်မှ ဖြစ်တာပါ"

"ဆရာလည်း အိပ်မက်ထဲမှာ ဒီထန်းပင်နှစ်ပင်ကို မသင်္ကာဖြစ်လို့ ကြည့်မိတယ်၊ ပြီးတော့ မိနန်းလည်း ဒီထန်းပင်နှစ်ပင်မှာစောင့်နေတဲ့ အစောင့်က ဆွဲလိုက်သလားလို့ ရိပ်ခနဲလည်းတွေ့လိုက်တယ်"

"ဒါကိုပြောဖို့ လုပ်ခဲ့တယ်... ဒီက သမီးတို့က ဆရာ့ကိုပြောတော့ ဆရာလည်း ဘာမှမပြောချင်တာပေါ့"

"ဟုတ်ကဲ့ပါ... ဆရာရယ်၊ ကျွန်မတို့တောင်းပန်ပါတယ်"

"ရပါတယ်ကွယ်"

ဟု ပြောရင်း ဆရာကိုမြင့်မောင် အံတစ်ချက်ကြိတ်ကာ အိမ်သို့ ပြန်ခဲ့သည်၊ အိမ်ရောက်သောအခါ ခြေရင်းဘက်တွင် ထောင်ထားသော ပုဆိန်ကို ထောက်ပြီး ထန်းနှစ်ပင်ရှိရာသို့ လာခဲ့သည်၊ ထန်းနှစ်ပင်နားသို့ရောက်သော် လက်တွင်ပါလာသော

ပုဆိန်ဖြင့် ခုတ်လေတော့သည်။

ဆရာကိုမြင့်မောင်ထန်းပင်ကို ပုဆိန်ဖြင့် ခုတ်သာခုတ်သည်၊ ထန်းပင်မှာ အရာမထင်ဘဲ လေထဲမှာပဲ ဝဲနေသည်၊ ပုဆိန်၏ အသွားက ထန်းပင်ပေါ်ကျရောက်သောအခါ ရိုက်နေသလိုဖြစ်နေသည်၊

ကိုမြင့်မောင်မှာ မကျေနပ်တိုင်း ပုဆိန်ဖြင့် ခုတ်နေတာအချိန်ကြာလာတော့ မောလာသည်၊ ပြီးနောက် ဘယ်လိုဖြစ်မှန်းမသိပဲ ၎င်းထန်းပင်နှစ်ပင်နားတွင် အမောဆို့ပြီး ခွေခွေလေးလဲကျသွားသည်၊

ထိုအခါ တခြားရွာမှ ပြန်လာသော လူနှစ်ယောက်က ထန်းပင်နားတွင် ခွေခွေလေးလဲကျနေသော ဆရာ ကိုမြင့်မောင်ကိုတွေ့သောအခါ...

"ဟ... ဆရာပါလား"

"ဟုတ်တယ်... ဒါတို့ရွာက ဆရာပဲ..."

"မြန်မြန်လာ... ဘာဖြစ်လဲ မသိဘူး၊ လက်ထဲမှာလည်း ပုဆိန်နဲ့ ဘာလာလုပ်တာလည်း မသိဘူး"

ဟု ပြောကာ ရွာသားတစ်ဦး ထန်းပင်ကိုကြည့်လိုက်သည်၊

"ဟင်…ဟိုမှာထန်းပင်ကိုခုတ်ထားတာအရာတွေ့တယ်၊ ဒါဆို ဆရာက ထန်းပင်ကို လာခုတ်တာဖြစ်မယ်"

ထိုအခါ အခြားရွာသားက…

"ဘာကြောင့် ထန်းပင်ကို လာခုတ်တာလဲ မသိဘူးနော်၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်"

သူတို့ပြောပြီး ကိုမြင့်မောင်ကို ရွာထဲသို့ ထမ်းလာကြသည်။ ရွာထဲရှိ ကျန်းမာရေးမှူး အိမ်သို့ရောက်သော်…

"ဆရာရေ… ဆရာ… ဒီမှာ လူနာပါတယ်၊ လာကြည့်ပေးပါအုံး"

ထိုအခါ အိမ်ထဲမှ လူတစ်ဦးထွက်လာသည်။ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ချထားသော ဆရာလေး ကိုမြင့်မောင်ကို လက်ကောက်ဝတ်ကို ကိုင်ကာ သွေးခုန်နှုန်း စမ်းလိုက်သည်။

"လူနာက မောပြီး မေ့လဲသွားတာပါ၊ ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော် သူ့ကိုဆေးတစ်လုံး ထိုးပေးလိုက်မယ်၊ ပြီးတော့ အိမ်မှာ ပေးအိပ်ထားလိုက်ပါ… ခဏကြာရင် သတိရလာပါလိမ့်မယ်…"

"ဟုတ်ကဲ့ပါ ဆရာ…"

ရှာသားနှစ်ဦးလည်း ဆရာ ကိုမြင့်မောင်ကို ပြန်ထမ်းကာ ခေါ်ခဲ့ကြသည်။ ဆရာနေသော အိမ်သို့ ပို့ပြီး သတိရတဲ့အထိ စောင့်နေမိသည်။

ရှာသားနှစ်ဦးလည်း ကိုမြင့်မောင် သတိမရသေး၍ စောင့်ရင်း စောင့်ရင်းနှင့် မကြာခင်မှာပဲ ကိုမြင့်မောင် သတိရလာသည်။

"ဟင်… ဟော့ကောင်… ဆရာလေး သတိရလာပြီ"

ထိုအခါ ရှာသားတစ်ဦးက ကိုမြင့်မောင်နားသို့ လာပြီး…

"ဆရာလေး… ဆရာလေး… သတိရပြီလား… ဘယ်လိုဖြစ်တာလဲဗျာ… ဆရာလေးရယ်… မသေကောင်း မပျောက်ကောင်းပဲ၊ တော်သေးတာပေါ့၊ ကျွန်တော်တို့နဲ့ တွေ့လို့… မဟုတ်ရင် ဆရာလေး ဘယ်အချိန်ထိ သတိမေ့နေမယ် မသိဘူး"

ကျန်သော ရှာသားက ဆရာလေးကိုမြင့်မောင်ကိုသာ ကြည့်နေမိသည်။ ကိုမြင့်မောင်မှာ ဘာမှမပြောဘဲ သူတို့ကိုသာ စူးစိုက်ကြည့်နေသည်။ ထိုအခါ ရှာသားနှစ်ဦးလည်း ဒုတိယ အကြိမ် ထပ်မံပြီး…

"ဆရာလေး… မေးနေတယ်လေ၊ ဘယ်လိုဖြစ်တာလဲ

လို့၊ ကျွန်တော်တို့ ကူညီနိုင်ရင် ကူညီရအောင်လို့ပါ”

ထိုသို့ပြောပြီး ဆရာလေးရဲ့မျက်နှာကို အကဲခတ်လိုက်သည်။ ဆရာလေးလည်း ဘာမှပြန်မပြောဘဲ သူတို့ကိုသာ စိုက်ပြီး ကြည့်နေသည်။ ရွာသားနှစ်ဦးလည်း ဆရာလေး သူတို့ကို ဘာမှ ပြန်မပြောဘဲ စိုက်ကြည့်နေတာတွေ့လိုက်သည်။ မျက်လုံးများမှာ ပုံမှန်မျက်လုံးမဟုတ်ဘဲ မျက်လုံးများ လည်သလိုဖြစ်နေတာ တွေ့လိုက်သည်။ အားမရလည်း ဖြစ်မိသည်။

ယခုထိ သူတို့မေးတာကို ဘာမှ ပြန်မပြောဘဲ ဖြစ်နေတဲ့ အတွက် အားမလို အားမရဖြစ်မိသည်။ ထိုအခါ ရွာသားက ထပ်ပြီး တတိယအကြိမ် ထပ်ပြီး...

“ဆရာလေး... ဘယ်လိုဖြစ်နေတာလဲ... တစ်ခုခုပြန် ပြောလေ...”

ဒါပေမဲ့ ဆရာလေး ကိုမြင့်မောင်ကတော့ နှုတ်ဆိတ်လျက် သူတို့ကိုသာ တွင်တွင်ကြည့်နေလေတော့သည်။ နောင်တွင်လည်း ဘယ်သူ့ကိုမှ စကားပြောတော့မည် မဟုတ်ကြောင်း ရွာသားများ သိသွားကြတော့သည်။

မင်းစကြာ


မှတ်စုစာအုပ်

# မှတ်စုစာအုပ်

တစ်နေ့တွင် စာရေးသူ နံနက်ပိုင်း စာရေးနေစဉ် ဧည့်သည်တစ်ဦး ရောက်လာခဲ့သည်။ ၎င်းဧည့်သည်က စာရေးသူ စာရေးနေတာတွေ့၍...

"ဘာတွေ ရေးနေတာလဲဗျ"

"အော်... ဒီလိုပဲပေါ့... ဝတ္ထုတိုတွေရေးနေတာပါ"

"ကျွန်တော်လည်း စာရေးချင်ပေမယ့် စာရေးပျင်းတာဗျ။ ကျွန်တော့်မှာလည်း ဇာတ်လမ်းလေးတွေ ရှိပေမယ့် မရေးဖြစ်

ဘူး... အဲဒါ စာရေးသူကိုပဲပြောပြတော့မယ်... စာရေးသူပဲ ကျွန်တော့်ကိုယ်စား ရေးလိုက်တော့ဗျ"

ဟု ပြောပြီး လက်ဖက်ရည်ဆိုင်သို့ အတူထွက်သွားကြသည်။ လက်ဖက်ရည်ဆိုင်မှာ စကားများပြောဖြစ်ပြီး ဇာတ်လမ်းများကို တစ်ထိုင်တည်း သုံး လေးပုဒ် ပြောဖြစ်ခဲ့သည်။ ဂျင်းဇည့်သည်ပြောပြသော ဇာတ်လမ်းကို စာရေးသူက ဇာတ်လမ်းဆင်ကာ ကျောရိုးမပျက်ဘဲ ရေးလိုက်ခြင်းဖြစ်ပါသည်။

ဇာတ်လမ်း၏အစကတော့...

၀

# အခန်း (၁)

အဝေးပြေးလမ်းတွင် အိပ်စပတ်ကားလေး မှန်မှန် မောင်းနေသည်။

ပြောမယ်ဆိုရင် ပုသိမ်နဲ့ ချောင်းသာသွားလမ်းဆိုလျှင် မမှားပါ။ အိပ်စပတ်ကားပေါ်တွင် ဖုန်းမော်တစ်ယောက် ချောင်းသာသို့ထွက်ခဲ့သည်။ သူ့အနေနဲ့ ချောင်းသာကို လာရခြင်းကလည်း ဘန်ဂလိုတစ်ခုအမြန်ဆောက်ရန် လာခဲ့ခြင်းဖြစ်သည်။

သူ၏ အဖေတို့ ချောင်းသာတွင် ဘန်ဂလိုဆောက်ဖို့

မြေနေရာဝယ်ထားခဲ့သည်မှာ သုံး လေးနှစ်လောက် ကြာခဲ့ပြီ၊ သူတို့မှာကလည်း အလုပ်တွေက ပုသိမ်မှာ ရှုပ်နေ၍ ဘန်ဂလို ဖက်သို့ လှည့်မကြည့်နိုင်ပါ။

ဖုန်းမော်၏ အဖေတို့က ပုသိမ်တွင် စက်ရုံတစ်ရုံ တည်ထားသည်၊ ရောဝတီတိုင်းမှထွက်သော ရေလုပ်ငန်းထွက် ငါး၊ ပုဇွန်များကို စည်သွတ်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်း ဖြစ်သည်။

ဖုန်းမော်က ဒီနှစ်မှ ကျောင်းပြီး၍ သူ၏ မိဘများက လုပ်ငန်းကို မလုပ်ခိုင်းသေးပါ၊ ဒါကြောင့် သူမှာ အားနေသည်၊ အားတိုင်း သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီး အချိန်ကုန်တာများ သည်၊

တစ်နေ့တွင် သူ၏အဖေထံ ချောင်းသာမှ စာတစ်စောင် ရောက်လာသည်၊ ချောင်းသာ အိုးအိမ်ဌာနမှ ဘန်ဂလိုဆောက် ရန် တင်ထားသောစာမှာ ကျနေတာကြာပြီဖြစ်၍အမြန်ဆောက် ရန် အကြောင်းကြားခြင်းဖြစ်သည်၊ မဆောက်ဖြစ်လျှင် တစ်နှစ် အတွင်း ပြန်သိမ်းမည်ဖြစ်ကြောင်း နို့တစ်ပါလာသည်၊

သူ၏အဖေထံသို့ ရောက်လာသည်။ ထိုအခါ အဖေ ဦးဖုန်းက သူ့ကို တာဝန်လွှဲလိုက်သည်။ တစ်နေ့ သူငယ်ချင်းများ နှင့် တွေ့ပြီးအပြန် ညနေပိုင်းဖြစ်သည်။ သူ့အိမ်ထဲသို့ဝင်လာစဉ်...

"သား...ဖုန်းမော်..."

"ခင်ဗျာ... အဖေ"

"အဖေ့နား လာပါအုံး... ပြောစရာရှိလို့..."

ဖုန်းမော်လည်း သူ၏အဖေနားရှိ ဆိုဖာပေါ်တွင် ဝင်ထိုင် လိုက်သည်။

"ဒီလို သား..."

ဟု အစချီကာ စာရတဲ့အကြောင်း ပြောပြလိုက်သည်။

"အဲဒါ သားလည်း ကျောင်းပြီးလို့ အားနေတော့ အဖေ့ ကိုယ်စား ချောင်းသာသွားပြီး ဘန်ဂလိုလေး သွားဆောက်ပေး ပါလား... မဆောက်ရင် အစိုးရ ပြန်သိမ်းသွားလိမ့်မယ်"

ထိုအခါ ဖုန်းမော်လည်း စဉ်းစားသွားသည်။ သူ၏အဖေ က သူ့ကို သွားစေချင်တဲ့စိတ်က ထက်သန်နေတယ်ဆိုတာ သိရ၍ သူမှာ ငြင်းပိုင်ခွင့်မရှိပါ။ ထိုအခါ ဖုန်းမော်က ...

"သား ဘယ်တော့ သွားရမလဲ"

"သား သွားချင်တဲ့အချိန် သွားပေါ့... မြန်လေကောင်း လေပဲ..."

"သား သူငယ်ချင်းထဲက လိုက်ချင်တဲ့သူရှိရင် ခေါ်သွား လို့ရမလား"

"ခေါ်သွားလေ... သားလည်း အဖော်ရတာပေါ့၊ ကျန်တဲ့ ကိစ္စအားလုံး အဖေတာဝန်ယူတယ်"

သားအဖနှစ်ယောက် တစ်နာရီကြာ ညှိနှိုင်းမှုပြီးဆုံး၍ ယခုလို တစ်ရက် နှစ်ရက်အတွင်း ချောင်းသာသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဖုန်းမော် အပြင်သို့ငေးရင်း သူ ချောင်းသာသို့ ထွက်လာ ခဲ့ခြင်းအကြောင်း စဉ်းစားရင်း လိုက်လာခဲ့ရာ သူ၏ဘေးတွင် မည် သူရောက်နေမှန်းတောင် သတိမထားမိပါ။

တကယ်တော့ သူ၏ သူငယ်ချင်းများက နောက်ရက်မှ လိုက်လာမည်ဟု ပြောလိုက်သည်။ သူသွားမည့်နေ့တွင် သူငယ် ချင်းနှစ်ယောက်စလုံး မအားပါ။ သူက အရင်သွားပြီး နေရေးထိုင်

ရေး စီစဉ်ရဦးမည် မဟုတ်ပါလား။

ထိုအချိန်တွင် သူ၏ပုခုံးပေါ်သို့ အရာဝတ္ထုတစ်ခုက လာဆောင့်သည်။ သူက အပြင့်ရှခင်းကိုငေးနေစဉ်ဖြစ်၍ လန့်သွားသည်။

သူ ချက်ချင်းဘေးသို့ကြည့်လိုက်တော့ အမျိုးသမီးတစ်ဦးဖြစ်နေသည်။ သူ့မှာ ယခုမှ သူ၏ဘေးတွင် အမျိုးသမီးဖြစ်နေတာ သိလိုက်ရသည်။ အမျိုးသမီးမှာ ဘယ်တုန်းကများ အိပ်နေမှန်း မသိပါ။ သူ၏ပုခုံးပေါ် လာထိတာတောင် မနိုးပါ။ ပြီးတော့ သူ၏ ပုခုံးပေါ်တွင် ခေါင်းတင်ပြီးတောင် ဆက်ပြီး အိပ်နေလိုက်သေးသည်။

ဖုန်းမော်လည်း ဘာမှ မလှုပ်မရှားဘဲ ဖယ်လည်း မဖယ်ဘဲ အိပ်ပါစေလို့ ငြိမ်နေလိုက်ရသည်။ သူမ၏ ကိုယ်သင်းနံ့လေးကတော့ သင်းနေပါသည်။ ခေါင်းနှင့် သူ၏ပါးက ထိနေ၍ ခေါင်းလျှော်ရေအနံ့ပါ ရနေသည်။

သူမ၏ အဝတ်အစားများမှာ ရိုးရိုးယဉ်ယဉ်လေး ဝတ်စားထား၍ ကြည့်လို့အလွန်ကောင်းမည်ဆိုတာ မျက်နှာလေးကို

မမြင်ရဘဲ သိနေမိသည်၊ အတွေးများဆက်ကာ ဘေးရှခင်းများကို ကြည့်နေလိုက်သည်၊ ထိုအချိန်တွင် ...

"ဟဲ့... မိနှင်း... မိနှင်း... ထ... ထ... အားနာစရာကြီးဟယ်"

ထိုအခါ မိနှင်းခေါ်သူမက သူငယ်ချင်း၏ အော်ဟစ်နိုးသံကြောင့် ရုတ်တရက်လန့်ပြီး ...

"ဘာလဲ... ရောက်ပြီလား..."

ဟု မေးကာ အပြင်သို့ ကြည့်လိုက်သည်၊ ကားလေးက မောင်းနေဆဲဆိုတာ မြင်လိုက်ရမှ စိတ်အေးသွားသည်၊ ထိုအခါ သူမ၏ အဖော်က သူမ၏ ဘေးခုံတွင် တွဲလျှက်ထိုင်လာခဲ့၍ မိနှင်းဆိုသော သူကို...

"မိနှင်းရယ်... အားနာဖို့ ကောင်းလိုက်တာ"

"ဘာကိုလဲဟ... နင့်ဟာက အရင်းမရှိ အဖျားမရှိ"

"နင် အိပ်နေတာကို ပြောတာ၊ နင့်ခေါင်းက ဟိုဘက်က အစ်ကို ပုခုံးပေါ်တင်ပြီး အိပ်နေတာတွေ့လို့ ငါ နှိုးလိုက်တာ"

"ဟင်... ဟုတ်လား"

ထိုအခါ မိနှင်းဆိုသော အမျိုးသမီးက တစ်ဖက်လူ

ဖုန်းမော်ကို ကြည့်ပြီး...

"အားနာလိုက်တာ အစ်ကိုရယ်... ဘယ်လောက်များ အိပ်ပျော်သွားလဲ မသိဘူး...အစ်ကို့ပုခုံးတော်တော်နာကျင်နေမှာ ပဲနော်..."

"ရပါတယ်ဗျာ... ကျွန်တော်လည်းအိပ်ပါစေဆိုပြီးလွှတ် ထားတာပါ။ မနာပါဘူး... အခုတော့ သူငယ်ချင်းကြောင့် အိပ်ရေး ပျက်သွားပြီ..."

"ဟ... ရပါတယ်၊ ကျွန်မ နာမည်က နင်းကျက်သရေပါ၊ ပုသိမ်ကောလိပ်မှာ တက်ပါတယ်၊ အခု သူငယ်ချင်းတွေနဲ့ ချောင်းသာအလည်လိုက်လာတာပါ၊ ကျွန်မတို့က သုံးယောက် ဆိုတော့ ကျွန်မ တစ်ယောက်ထဲ အဖော်မဲ့သွားတာပါ"

"ဟုတ်ကဲ့... ကျွန်တော့်နာမည်က မောင်ဖုန်းမော်ပါ... ပုသိမ်မှာ နေပါတယ်၊ အခု ကိစ္စတစ်ခုနဲ့ ချောင်းသာ လာတာပါ"

ထိုအခါ ဖုန်းမော်က သူ၏ရှေ့ ရေဗူးထည့်ထားသော အိတ်ထဲမှ ရေဗူးကိုထုတ်ကာ နင်းကျက်သရေ ဘက်သို့ လှည့်ကာ...

"ရော့... ရေသောက်လိုက်ပါ၊ အိပ်ချင်ပြေသွားတာပေါ့"

"ချောင်းသာရောက်ဖို့ နီးပြီလားဟင်..."

နင်းကျက်သရေက ဖုန်းမော်ပေးသော ရေဗူးကို လက်ခံယူကာ စကားစလိုက်သည်။

"ရောက်တော့မယ် ထင်ပါတယ်... ကျွန်တော်လည်း ချောင်းသာမရောက်တာ ကြာပြီ၊ ဒီလမ်းတွေ မကျွမ်းဘူး"

နင်းကျက်သရေလည်း ရေတစ်ချက်မော့ပြီး ရေဗူးကို ဖုန်းမော်ဆီသို့ ပြန်ပေးလိုက်သည်။ ဖုန်းမော်လည်း သူပါ တစ်ချက်မော့သောက်ပြီး ပြန်ထည့်ထားလိုက်သည်။

"အစ်ကိုက တစ်ယောက်ထဲလား ပျင်းမှာပဲနော်..."

"ဟုတ်ကဲ့... တစ်ယောက်ထဲပါ၊ သူငယ်ချင်းတွေက မနက်ဖြန်မှ လိုက်လာကြမှာပါ"

"ချောင်းသာရောက်ရင် ညီမတို့ကိုတွေ့ရင် ခေါ်ပါနော်၊ ညီမတို့က ခင်တတ်ပါတယ်၊ အော်... ဒါနဲ့ မေ့လို့... ညီမတို့ရဲ့ သူငယ်ချင်းတွေကို မိတ်မဆက်ရသေးဘူး"

နင်းကျက်သရေက သူမ၏ ဘေးကပ်ရက်ကသူကို

လက်ညှိုးထိုးကာ...

"သူက ရတနာမြိုင်ပါ၊ ဟိုဘက်က ခတ္တာဖြူပါ"

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့် နာမည်က ကိုဖုန်းမော်ပါ"

"ဟုတ်ကဲ့ရှင့်... ကျွန်မတို့လည်း ခင်တတ်ပါတယ်၊ ကျောင်းသာမှာ တွေ့ရင် ခေါ်ပါနော်..."

"ဟုတ်ကဲ့ပါဗျာ...အခုဆိုရင် ကျွန်တော်တို့မိတ်ဆွေသစ် တွေ ဖြစ်သွားပြီနော်..."

မကြာခင်မှာပဲ ကားက ကျောင်းသာအဝင်ဆိုင်းဘုတ်နား ကို ရောက်လာပြီဖြစ်သည်။

"ရောက်ပြီဟေ့..."

ထိုအခါ နင်းကျက်သရေက အော်လိုက်သည်၊ သူမက ပျော်လွန်းလို့ ရုတ်တရက် အော်လိုက်မိသည်၊ ဖုန်းမော်လည်း သူမအော်သံကြောင့် သူမ ပျော်နေတာကြည့်ပြီး သူပါ ပျော်သွား သည်၊ သူ့အနေနဲ့ ဒီတစ်ခါ တစ်ယောက်ထဲ ခရီးထွက်လာတာ ဒီလောက် ပျော်စရာကောင်းတဲ့ မြင်ကွင်းမျိုး တစ်ခါမှ မခံစား

ခဲ့ရပါ။

သူမကတော့ ကလေးတစ်ယောက်လို ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ သူမရဲ့စိတ်ထဲရှိတာ လွတ်လွတ်လပ်လပ် ဒေါ်လိုက်ရလို့ ဝမ်းသာနေသည်။

သူမတို့ရဲ့စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်မှုကို ဖုန်းမော်ပါ ပျော်မိသည်။ သူတို့ရဲ့ပျော်ရွှင်မှုလို သူ့ကိုပါ ကူးစက်လာတာလား လို့စိတ်ထဲမှ ထင်လိုက်မိပါသည်။

ကားလေးက ဂိတ်ထဲဝင်နေပါပြီ... ကားဂိတ်ရောက်လို့ ကားရပ်သွားသည်။ ခရီးသည်များက ထသူကထ၊ ပစ္စည်းသိမ်းသူက သိမ်းနေကြသည်။ ဖုန်းမော်ကတော့ ထိုင်ရာမှ မထသေးဘဲ အေးအေးဆေးဆေးဆင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့မှာက ယူစရာ အာပစ္စည်းမှမပါတော့ အိတ်တစ်လုံးကောက်ဆွဲပြီး ဆင်းရုံပဲ မဟုတ်ပါလား...။

"အစ်ကို... မထသေးဘူးလား... ရောက်ပြီလေ"

"ဟုတ်ကဲ့... လူတွေကုန်မှ ဆင်းမှာပါ... ကျွန်တော်က အေးအေးဆေးဆေးပဲ ပြုမူတ ဒိပါ"

နင်းကျက်သရေတို့ကတော့ ဆင်းရန် ဟန်တပြင်ပြင် ပစ္စည်းများ သိမ်းဆည်းနေကြလို့ ပြီး၍ ဆင်းရန် အဆင်သင့်လုပ် နေကြသည်၊

ခရီးသည်များကုန်တော့မည်ဆိုမှ ဖုန်းမော်က ထိုင်ရာမှ ထကာ သူ၏ ခေါင်းပေါ်မှ ခရီးဆောင်အိတ်ထည့်ထားသော အံဝှက်ထဲမှ ထုတ်ကာ ဆင်းခဲ့တော့သည်။

ပထမ သူ တည်းခိုဆောင်တစ်ခု ရှာရမည်ဖြစ်သည်၊ တည်းခိုဆောင်မှာ နေပြီး သူတို့ပိုင်ဆိုင်သော မြေနေရာသို့ သွား ကြည့်ရမည်ဖြစ်သည်၊

အဖေကတော့ပြောလိုက်သည်၊ သူတို့မြေကိုခြံစည်းရိုး ခတ်ထားသည်၊ အစောင့်တဲတစ်လုံးလည်း ရှိသည် ပြောသည်၊ အစောင့်တဲတွင် အဘိုးကြီးတစ်ဦးကို လခပေးပြီး စောင့်ခိုင်း တယ်ဟုပြောသည်၊

ယခုလောလောဆယ်တော့ တည်းခိုခန်းမှာ နားပြီး ရေမိုးချိုးပြီးမှ သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်၊

၀

## အခန်း (၂)

ဖုန်းမော်တို့ပိုင်ဆိုင်သောမြေက ရှေ့ဟိုတယ်ကြီးများ၏ နောက် ကားလမ်းသာက်ချမ်းတွင် ဖြစ်သည်။ ရှေ့ဘက်သို့ နည်း နည်းတော့လျှောက်ရသည်။ ဖုန်းမော်လည်း နာရီကိုကြည့်လိုက် မိသည်။ နံနက် ဆယ့်တစ်နာရီထိုးတော့မည်ဖြစ်သည်။

ထမင်း စားချိန်ရောက်နေပြီပဲ။ ရွာထဲမှ ထမင်းဆိုင် ကောင်းကောင်းတွင် ဝင်စားပြီးမှသွားတော့မည်ဟု ဆုံးဖြတ် လိုက်သည်။

ရွာထဲ ပင်လယ်ပစ္စည်းများရောင်းသော ဆိုင်ဘက်သို့ လျှောက်လာခဲ့သည်။ ထိုအခါ...

"ဟင်... ကိုဖုန်းမော် မဟုတ်လား... ဘာပစ္စည်းလာဝယ်တာလဲ..."

နှင်းကျက်သရေက စမြင်လို့ သူ့ကို နှုတ်ဆက်နေသည်။ သူမ၏ဘေးတွင် သူငယ်ချင်းများလည်း ပါလာသည်။

"ပစ္စည်းလာဝယ်တာ မဟုတ်ပါဘူး၊ ထမင်းလာစားတာပါ၊ ညီမတို့ကော ထမင်းစားပြီးပြီလား... တစ်ခါတည်း လိုက်စားပါလား..."

"ကျွန်မတို့က စားပြီးလို့ဈေးတန်းလျှောက်ကြည့်နေတာပါ..."

"ဟာ... ဒါဆို ကျွန်တော် အကုန်ကျ သက်သာသွားတာပေါ့..."

"ကျွန်မတို့ ကျွေးပါ့မယ်၊ ကိုဖုန်းမော် စားပါ..."

"ဟာ... မဟုတ်တာ... ကျွန်တော်က ကျွေးရမှာပါ... နောက်မှပဲ ကြုံမှ ကျွေးကြတာပေါ့၊ အခုတော့ ကျွန်တော်လည်း

ဗိုက်ဆာနေပြီ၊ ပြီးတော့ အလုပ်ကိစ္စလေးတစ်ခုလည်းရှိနေသေး လို့ သွားခွင့်ပြုပါနော်...”

ဟု ဖုန်းမော် နှုတ်ဆက်ပြီး သူမတို့ရှေ့မှ ထွက်ခဲ့သည်။

၁

ဖုန်းမော် သူ၏ ခြံနားသို့ ရောက်လာသည်။ ခြံက စမ်းချောင်းလေးနားမှာ ကပ်နေသည်။ တိတ်ဆိတ်သော နေရာလေး တစ်ခုဆိုလည်း မမှားပါ။ စမ်းချောင်းက ပင်လယ်ဘက်မှ ဝင်သော ရေချောင်းလေးဖြစ်သည်။ ရေစီးက အမြဲရှိသည်။ စမ်းချောင်းဘေးကကပ်လျက်ခြံဆိုတော့ ဘန်ဂလိုလေးဆောက်ရင် ပျော်စရာ ကောင်းမှာပဲဖြစ်သည်။

ပင်လယ်ပြင်ကြီးကို ဘန်ဂလိုမှ လှမ်းပြီးမမြင်ရပေမယ့် စမ်းချောင်းလေး၏ ရေစီးသံကိုတော့ အမြဲကြားနေရမှာဖြစ် သည်။

ညနေပိုင်းဆိုရင် စမ်းချောင်းနားရှိ သဲသောင်တွင်

ထိုင်ပြီး စွေးလို့ငေးလို့ ကောင်းမှာပဲဖြစ်သည်။ ခြံထဲမှာလည်း အုန်းပင်များ စိုက်ထားသည်၊ တချို့အပင်များလည်း သီးနေပြီဖြစ်သည်။ ခြံနားရောက်လို့ ပတ်ဝန်းကျင်လေ့လာရင်း လာခဲ့သော ဖုန်းမော် ခြံရှေ့သို့ ရောက်လာသည်။

"ဦးထွန်းမောင်… ဦးထွန်းမောင်…"

ခြံရှေ့မှ အော်ခေါ်မိသည်၊ ခြံစောင့်တဲက ခြံ၏ အနောက်နားကျကျ ဆောက်ထားသည်၊ တဲလေးသာသာ ဆောက်ထားသည်၊ တစ်ယောက်အတွက်ကတော့ နေလို့လောက်သည်၊

"ဟဲ့… ဘယ်သူတုန်း… စည့်သည်လား"

"မဟုတ်ပါဘူး ဦးလေး… ဦးဖုန်းရဲ့သားပါ၊ ဖုန်းမော်ပါ"

"ဟာ… သူဌေးရဲ့သားလား"

"ဟုတ်ပါတယ် ဦးလေး…"

"အလည်လာတာလား"

"မဟုတ်ပါဘူး… ဒီခြံကို ဘန်ဂလိုဆောက်ဖို့ လာတာပါ၊ အဖေက ကျွန်တော့်ကို ဘန်ဂလိုဆောက်ဖို့ လွှတ်လိုက်တာပါ… အဲဒါ ဦးလေးပါ ကူညီဦးနော်…"

"ဟာ... ဘန်ဂလို ဆောက်တော့မယ်ပေါ့၊ ကူညီမှာပေါ့ ကွ၊ ငါလည်း မြန်မြန်ဆောက်စေချင်တာ၊ အခုတော့ ငါ့ရဲ့ဆန္ဒ လည်းပြည့်ပြီပေါ့၊ လာ... လူလေး အိမ်ထဲဝင်ထိုင်ပါဦး..."

ခြံက ပေ ၂၀၀ × ၃၀၀ လောက် ကျယ်သည်။

ဘန်ဂလိုဆောက်ရင်တော့ သူလည်း အားရမှာ မဟုတ် တော့ပါ။

"လူလေးထိုင်ပါ... ဘယ်မှာ တည်းတာလဲ"

"ရွာထဲအဝင် တည်းခိုခန်းမှာ တည်းတယ်၊ သူငယ်ချင်း တွေပါလာအုံးမယ်... သူတို့လာမှ ရွာထဲမှာ အိမ်ခန်းငှားပြီးနေမယ် လို့ စိတ်ကူးထားတယ်"

"အေး... ကောင်းတာပေါ့၊ သူငယ်ချင်းတွေက ဘယ် တော့လာမှာလဲ"

"မနက်ဖြန်ရောက်မယ်၊ အဲဒါဦးလေးအိမ်လေးတစ်လုံး လောက် ရှာပေးပါလား..."

"အေး... ဦးလေး ရှာပေးမယ်... ဒီနေ့ပဲ ရွာထဲသွားပြီး ဦးလေး ရှာပေးမယ်၊ မနက်ဖြန် နေ့လည်ခင်းလောက် မောင်

ဖုန်းမော် လာခဲ့ပေါ့...”

“ဟုတ်ကဲ့ဦးလေး...ဒါဆို ကျွန်တော်ပြန်ဦးမယ်နော်...”

“အေး...အေး...”

ဖုန်းမော်လည်း ဦးထွန်းမောင်ဆီမှ ပြန်ခဲ့ပြီး ရွာထဲဈေးဆိုင်များသို့ ပတ်ကြည့်လိုက်သည်။ နေ့လည်ဘက်ဖြစ်၍ လက်ဖက်ရည်သောက်ရန် လက်ဖက်ရည်ဆိုင်ကောင်းကောင်း ရှာမိသည်။ ဒီနေ့တော့ သူတစ်ယောက်ထဲဖြစ်ရာ ပျင်းနေမိသည်။

ရွာထဲအဝင် လမ်းထောင့်တွင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွေ့၍ ဝင်ထိုင်လိုက်သည်။ ၎င်းဆိုင်လေးရဲ့အပြင်အဆင်ကတော့ အကောင်းလွန်းကြီးမဟုတ်ပေမယ့် သန့်ရှင်းသပ်ရပ်သော ဆိုင်လေးဆိုတာတော့ အမြင်နဲ့ပင် သိသာသည်။

ဖုန်းမော် ဆိုင်ထဲသို့ဝင်ကာ လမ်းမဘက်သို့မြင်ရသော စားပွဲတွင် ဝင်ထိုင်ကာ လက်ဖက်ရည်ပေါ့စိမ့်တစ်ခွက် မှာလိုက်သည်။ လက်ဖက်ရည်မှာပြီးနောက် လမ်းမဘက်သို့ လူသွားလူလာများကို ငေးကြည့်နေမိသည်။ ထိုအချိန်တွင် အမျိုးသမီး

အုပ်စုများ တစ်စုပြီး တစ်စု သူ၏ရှေ့မှ ဖြတ်သွားတာ လိုက်ကြည့်မိသည်။

စားပွဲထိုးလေး လက်ဖက်ရည်ပန်းကန် လာချသည်။ သူလည်း တစ်ငုံ လောက်သောက်ပြီး လမ်းမဘက်သို့ အလိုလိုနေရင်း မျက်စိကရောက်သွားပြန်သည်။

ထိုအချိန်တွင် အမျိုးသမီးသုံးဦး အတူတွဲပြီး လျှောက်လာနေတာတွေ့လိုက်ရသည်။ ဖုန်းမော်မှာ မနေနိုင်ဘဲ ဆိုင်ပြင်သို့ထွက်ပြီး...

"နင်းကျက်သရေတို့ပါလား... ကော်ဖီလာသောက်တာလား၊ လာလေ...ကျွန်တော်တိုက်ပါ့မယ်..."

နင်းကျက်သရေမှာ ဖုန်းမော်တစ်ယောက် သူ့ရှေ့သို့ရောက်လာပြီး သူ့ဟာသူ နှုတ်ဆက်၊ သူ့ဟာသူပဲ ကော်ဖီတိုက်မယ်ပြောနေတာကို ကြည့်နေပြီးနောက် ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။

ထိုအခါ ရတနာမြိုင်က ...

"ရပါတယ် ကိုဖုန်းမော်... ကျွန်မတို့က တည်းခိုခန်းမှာ

နေရတာပျင်းလို့ လမ်းလာလျှောက်ရင်း ဟိုကြည့် ဒီကြည့်ပေါ့…"

"ဒါဆိုလည်းဗျာ ကော်ဖီလေးတစ်ခွက်ကတော့ သောက်လို့ရပါတယ်နော်…"

ကိုဖုန်းမော်၏ ဆန္ဒက ပြင်းပြနေလို့ ရတနာမြိုင်လည်း ဘာမှဆက်မပြောတော့ဘဲ နှင်းကျက်သရေနဲ့ ခေတ္တာဘက်သို့ လှည့်ကာ စစ်ကူတောင်းသော အကြည့်တစ်ချက်ပြလိုက်သည်။ ထို့နောက် ခေတ္တာက ခေါင်းညိမ့်ပြလိုက်သည်။

ထိုအခြေအနေထိ နှင်းကျက်သရေက စကားတစ်ခွန်းမှ ဝင်မပြောသေးပါ။ ဖုန်းမော်နဲ့ ဆုံရပုံမှာ သုံးကြိမ်ရှိနေပြီဖြစ်၍ အံ့ဩနေမိသည်။ တကယ်တော့ ချောင်းသာလို နေရာမျိုးမှာ ခဏခဏဆုံတာ မဆန်းပါ။ နယ်မြေကလည်း ကျဉ်းကျဉ်းလေး ဆိုတော့ ဖြစ်နိုင်ချေကများသည် မဟုတ်ပါလား။

သူတို့ သုံးဦးစလုံး ဖုန်းမော်ထိုင်နေသော စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ထိုအခါ စားပွဲထိုးလေးကို…

"ကျွန်မတို့ကတော့ အအေးပဲ သောက်တော့မယ်"

ရတနာက အအေးသုံးမျိုး မှာလိုက်သည်။ ပြီးနောက်

ကိုဖုန်းမော်ဘက်သို့ လှည့်ပြီး…

"ကိုဖုန်းမော်က အလည်လာတာလား"

"မဟုတ်ပါဘူး… ကျွန်တော့်ရဲ့ မြှံရှိတယ်၊ ဘန်ဂလို ဆောက်ဖို့ အဖေက လွှတ်လိုက်လို့ လာတာပါ"

"အော်… ဒါဆို ကိုဖုန်းမော်က ဒီချောင်းသာမှာ ကြာအုံး မှာပေါ့နော်…"

"ဟုတ်ကဲ့… ဒီလိုပဲ သွားလိုက်၊ လာလိုက်လုပ်နေရမှာပါ"

"ဒါနဲ့ ညီမတို့ကကော ဘယ်နှစ်ရက်လောက် နေမှာလဲ"

"ကျွန်မတို့က တစ်ပတ်လောက်တော့ နေမယ်လို့ စိတ် ကူးတာပဲ"

"ကျွန်တော် လာလည်လို့ ရမလား"

"ရပါတယ်… ကိုဖုန်းမော်နဲ့ ကျွန်မတို့က မိတ်ဆွေတွေ ဖြစ်သွားပြီပဲ၊ ဒါ… ကျွန်မတို့နေတဲ့ တည်းခိုဆောင်ပါ"

ရတနာမြိုင်က တည်းခိုခန်းမှယူလာသော လိပ်စာကတ် လေးကို ကိုဖုန်းမော်လက်ထဲသို့ ထည့်ပေးလိုက်သည်။

"အေးဗျာ… ကျွန်တော်လည်း တစ်ယောက်ထဲ ပျင်းနေ

တာ… ဒီက ညီမတို့နဲ့ ခင်မင်ခွင့်ရတာ ဝမ်းသာတယ်ဗျ၊ ပုသိမ် ရောက်ရင်လည်း ကျွန်တော့်ဆီ လာလို့ရပါတယ်”

ဒီလိုနဲ့ တစ်ဖက်နဲ့တစ်ဖက် ခင်မင်သွားကြပြီး စကားများ ပြောမကုန်ဖြစ်ခါ ညနေစောင်းလောက်တွင် လမ်းခွဲလိုက်ကြ တော့သည်။ ဒီတစ်ခါစကားအနည်းဆုံးကတော့ နင်းကျက်သရေ ဖြစ်နေတာ ဖုန်းမော် သတိထားလိုက်မိသည်၊ အရင်ကဆို နင်းကျက်သရေ စကားများ ပြောနေကြဖြစ်သည်၊ ဖုန်းမော်နဲ့ တွေ့တိုင်း နစ်ကြိမ်ရှိနေပါပြီ၊ စကားသိပ်မပြောတော့ပါ၊ ဖုန်းမော် လည်းမသိသလိုနေလိုက်သည်၊ သူတို့အားလုံးကိုယ့်လမ်းကိုယ် ပြန်ခဲ့ကြတော့သည်၊

၀

ယနေ့ ဖုန်းမော်၏ သူငယ်ချင်းများ ရောက်လာသည်၊ ကားဂိတ်တွင် ဖုန်းမော်ရောက်နေသည်၊ သူငယ်ချင်းတွေစီးလာ သောကား ဝင်းထဲသို့ ဝင်လာခဲ့သည်၊

“ဟိတ် ဖုန်းမော်… ငါတို့ဒီမှာကွ…”

ဖုန်းမော်က ပထမဝင်လာသော ကားကို လိုက်ကြည့်နေတာ စိုးအောင်က မြင်လိုက်သည်။ ဒါကြောင့် လှမ်းခေါ်လိုက်သည်။

ဖုန်းမော်လည်း သူ၏နာမည်ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ စိုးအောင်ကို ကားပြတင်းပေါက်မှ ခေါင်းပြူကာ သူ့ကို ခေါ်တာတွေ့လိုက်သည်။ ကားလည်း ဂိတ်ရှေ့တွင် ထိုးရပ်သွားသည်။ ခရီးသည်များ တဖြည်းဖြည်း ဆင်းလာကြသည်။

ဖုန်းမော်က ကားအောက်မှ စောင့်နေလိုက်သည်။ ထိုအခါ မင်းသိန်းက ...

"မင်းရောက်နေတာ ကြာပြီလား"

"နာရီဝက်လောက်တော့ ရှိတော့မယ်"

သူပါ သူငယ်ချင်းလေးယောက် ဆိုင်ကယ်နှစ်စီးငှားကာ သူတည်းသော တည်းခိုခန်းသို့ ခေါ်ခဲ့သည်။ အိမ်ကတော့ ငှားထားသည်။ သူငယ်ချင်းတွေလာမှပဲ ပြောင်းမယ်ဟု ပြောထားသည်။ အိမ်က ရွာထဲတွင် ရသည်။ လုံးချင်းအိမ်လေးကို ခြောက်လပြတ် ငှားထားသည်။ ဒါကလည်း ခြံစောင့် ဦးထွန်းမောင်ပဲ စီစဉ်

ပေးသည်။

"လာ... သူငယ်ချင်း... ဒီနေ့တော့ မင်းတို့ဒီမှာပဲ တည်းကွ၊ မနက်ဖြန်ကျမှ ငါ ငှားထားတဲ့ ရွာထဲက အိမ်ကို ပြောင်းရအောင်"

"အေးပါကွ... ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ကတော့ အိုကေပဲ"

သူငယ်ချင်းများအားလုံး ပျော်နေကြသည်။ ရှောင်းသာတွင် သူတို့သူငယ်ချင်းများ အလုပ်ကိစ္စလုပ်ရင်း အပန်းဖြေရမည် မဟုတ်ပါလား...

၀

# အခန်း (၃)

ရှမ်းမလေး ထမင်းဆိုင်...

ဖုန်းမော်တို့ ညနေစာ စားနေကြသည်၊ သူတို့ သူငယ်ချင်းလေးယောက် စောစောပဲ ညနေစာ လာစားကြသည်၊ သူတို့စားနေစဉ် ဆိုင်ထဲသို့ မိန်းကလေးသုံးယောက် ဝင်လာသည်၊ ထိုအခါ ဖုန်းမော်က မြင်လိုက်၍...

"ဟင်...နင်းကျက်သရေတို့ပါလား"

"ဘာ...ဘယ်သူ..."

စိုးအောင်က မကြားတကြားဖြင့် ကြားလိုက်၍ ဖုန်းမော်ကို ပြန်မေးလိုက်သည်၊

"အော်... ဒီလိုပါ... ဟိုမှာဝင်လာတဲ့ ကောင်မလေးကို ပြောတာ၊ ခဏနေဦး... နောက်မှ ပြောပြမယ်"

ဟု ဖုန်းမော်က စကားဖြတ်ကာ နှင်းကျက်သရေတို့ ဝင်လာသော လမ်းပေါက်သို့ ထွက်လာခဲ့သည်။

"လာပါ နှင်း... ကျွန်တော် ဒီဆိုင်မှာ လာစားတာပါ... သူငယ်ချင်းတွေလည်း ရောက်နေလို့ မိတ်ဆက်ပေးပါရစေ..."

နှင်းကျက်သရေတို့လည်း အံ့သြသော မျက်နှာဖြင့် ဖုန်းမော်ကို ကြည့်လိုက်မိသည်။ ဒီတစ်ခါလည်း ထပ်ပြီးဆုံပြန်ပြီ ဟု စိတ်ထဲမှ ပြောမိသည်။ ထိုအခါ ခတ္တာက ...

"ဟုတ်ကဲ့ ကိုဖုန်းမော်..."

ဟု ပြောပြီး ဖုန်းမော် နောက်မှ လိုက်လာခဲ့ကြသည်။ မိန်းကလေးသုံးယောက်ကလည်း ဆိုင်ထဲတွင် လူများအကြည့်ကို မခံနိုင်၍ ဖုန်းမော်နောက်သို့ လိုက်လာမိကြသည်။ ဆိုင်ပေါက်ဝတွင် အချိန်အကြာကြီး စကားရပ်ပြောနေလို့ မသင့်တော်၍ လိုက်လာခြင်းသာဖြစ်သည်။

နှင်းကျက်သရေကတော့ ဒီလူနဲ့ ငါတို့ကလည်း ဆုံပဲဆုံ

နိုင်လွန်းတယ် ဟု စိတ်ထဲမှ ထင်မိသည်။

"လာပါ... နင်း..."

ဖုန်းမော်က သူငယ်ချင်းများ ထိုင်နေသော စားပွဲဝိုင်းတွင် နေရာချပေးလိုက်သည်။ သူငယ်ချင်းများကလည်း အလိုက်သိစွာဖြင့် တစ်ဖက်သို့ကပ်ပေးလိုက်ကြသည်။ အားလုံးထိုင်ကြပြီးနောက်...

"ဒါက ကျွန်တော်ရဲ့သူငယ်ချင်းတွေပါ... သူက စိုးအောင်၊ အလယ်က မင်းသိန်း၊ ဟိုဘက်က အောင်အောင်လို့ ခေါ်ပါတယ်"

ထိုအခါ ရတနာက သူမပဲစပြီး မိတ်ဆက်လိုက်သည်။

"ကျွန်မနာမည်က ရတနာမြိုင်ပါ... သူကတော့ နင်းကျက်သရေ၊ ဟိုဘက်ကတော့ ခတ္တာဖြူပါ၊ ကျွန်မတို့က အပန်းဖြေရင်း အလည်လာကြတာပါ၊ ကျွန်မတို့က ပုသိမ်ကောလိပ်၊ မြန်မာစာဌာနကပါ"

"ဟုတ်ကဲ့... အားလုံးပဲ ယခုလို တွေ့ရခင်ရတော့ ဝမ်းသာပါတယ်"

"ကျွန်တော်တို့ကိုလည်း ဒီကောင်ကြီး ဖုန်းမော်ကို ခင်သလို ခင်နိုင်ပါတယ်၊ ကျွန်တော်တို့ကတော့ ကျောင်းပြီးလို့ ၁၀၉၊

၁၁၀ တွေပါ၊ ဟင်း... ဟင်း... အလုပ်ရှာနေတုန်းပါ၊ အခုတော့ အလုပ်ရပါပြီ၊ အလကားမတ်တင်းနဲ့ လက်ခံလိုက်တယ်"

စိုးအောင်က နွတ်သွက်လျှာသွက်ဖြင့် မိတ်ဆက်လိုက်သည်။ ထိုအခါ ရတနာမြိုင်က...

"ရှင် ဘာပြောတယ်... အလကားမတ်တင်းဆိုတာ ဘာလဲရှင်၊ ကျွန်မတို့ နားမလည်လို့ပါ"

ထိုအခါ စိုးအောင်ကပဲ ထပ်ပြီး ရှင်းပြလိုက်သည်။

"အလကားမတ်တင်းဆိုတာ လခ တစ်ပြားမှမရဘဲ အလကားလုပ်ပေးရတာကို ပြောတာပါ"

"ဟား....ဟား....ဟား..."

"ဟင်း...ဟင်း...ဟင်း..."

အားလုံး ရယ်ပွဲလေးဖြင့် အဆုံးသတ်လိုက်ရသည်။ စိုးအောင်၏ ရယ်စရာပျက်လုံးများဖြင့် နစ်ဖက်စလုံး ပိုပြီး ခင်တွယ်သွားကြသည်။ ထမင်းစားပွဲလေး ညရှစ်နာရီလောက်တွင် အဆုံးသတ်ကာ နစ်ဖွဲ့စလုံး လမ်းခွဲကာ ပြန်ခဲ့ကြလေတော့သည်။

၀

## အခန်း (၄)

တည်းခိုခန်းတွင်း၌...

"ဟော့ကောင်ကြီး... ဖုန်းမော်..."

မင်းသိန်းက သူငယ်ချင်းများကို ဒီလိုပဲ ခေါ်နေကြဖြင့် ထမင်းစားပွဲတွင် တွေ့ခဲ့ရသော ကောင့်မလေးများ၏အကြောင်း သိချင်၍ ရောက်ရောက်ချင်း ခေါ်လိုက်သည်။

"ဘာလဲကွ"

"မင်းနဲ့ ဒီကောင်မလေးတွေနဲ့ ဘယ်လိုဘယ်မှာ ခင်ခဲ့

တာလဲ၊ တို့တွေလည်း မသိလိုက်ပါလား"

ထိုအခါ ဖုန်းမော်က...

"ငါတို့က လိုင်းကားပေါ်မှာ ဆုံခဲ့ကြတာကွ... ငါ့နားမှာက နင်းကျက်သရေဆိုတဲ့ ကောင်မလေးက လာထိုင်တယ်ကွ... ပြီးတော့ ငါ့ရဲ့ပုခုံးပေါ်မှာ တစ်လမ်းလုံး မှီပြီးအိပ်လိုက်လာတာ..."

"ဟာ... မဖြစ်နိုင်ဘူး၊ မင်းနဲ့လဲ မသိဘဲ ဘယ်လိုမှီပြီးအိပ်လိုက်လာမှာလဲ..."

"ဟာ... ဒီကောင် ငါပြောတဲ့စကား မဆုံးသေးဘူး၊ ဆုံးအောင်နားထောင်ပါအုံး၊ ဖြတ်ပြီး မပြောပါနဲ့"

ဟု ပြောပြီး ဖုန်းမော်က ကားပေါ်မှ အဖြစ်အပျက်ကို သူ၏ သူငယ်ချင်းအားလုံးကို ပြောပြလိုက်လေတော့သည်။ ပြီးတော့ စားသောက်ဆိုင်တန်းတွင်လည်း အကြိမ်ကြိမ်ဆုံတဲ့ အကြောင်းပါ ပြောလိုက်လေသည်။ ထိုအခါ မင်းသိန်းက ...

"ဒါဆို မင်းနဲ့ နင်းကျက်သရေက ဖူးစာများ ဆုံချင်လို့လားမသိတာ... ဟား... ဟား..."

"ဟေ့ကောင်... အထင်မလွဲနဲ့ မြန်မြန်သာ လူပ်ရှားနော်၊

ကောင်မလေးတွေ ပြန်သွားရင် လွမ်းပြီးကျန်ခဲ့မှာ...”

မင်းသိန်း ပြောလိုက်သော စကားကို ဖုန်းမော် ကြားလိုက်၍ ငြိမ်ကျသွားသည်၊ ဒါကို သူငယ်ချင်းများက သတိထားလိုက်မိသည်၊ ထိုအခါ အောင်အောင်က...

“ဘာလဲ... မင်းက နှင်းကျက်သရေကို စွဲလန်းနေပြီလား၊ လုပ်လိုက်လေ ကြာသလားလို့”

သူငယ်ချင်းများက ဝိုင်းပြီး မြှောက်ပေးနေ၍ ဖုန်းမော် စိတ်ပါချင်သလိုလိုဖြစ်လာသည်၊ ဒါပေမဲ့ သူတို့မှာက ပျော်ပါးချင်၍ လာတာမဟုတ်တဲ့အတွက် ဒီကိစ္စကို လျော့ရတော့မည်ဖြစ်ပါသည်၊

“အင်းလေ ...ဖူးစာပါရင်တော့ ပြန်ဆုံရမှာပေါ့”

ဟု ဖုန်းမော်စိတ်ထဲမှပြောရင်း သူငယ်ချင်းများအားလုံး အိပ်ရာထဲသို့ဝင်ကာ ဒီတစ်ညတော့ အတွေးကိုယ်စီဖြင့် အိပ်ရတော့မည် မဟုတ်ပါလား၊

၀

## အခန်း (၅)

ယနေ့စပြီး ခြံရှင်းကြသည်။ ခြံရှင်းသောအလုပ်ကို နှစ်ရက်အတွင်း ပြီးဆုံးသွားကြသည်။ မနက်ဖြန်ဆို ဘန်ဂလို ဆောက်ဖို့အတွက် အလုပ်သမားများ ထပ်ပြီးရောက်လာမှာ ဖြစ်သည်။

အလုပ်သမားများ နောက်နေ့တွင် စတင်အလုပ်များ စလုပ်ကြသည်။ ထိုအခါ အလုပ်သမားနှစ်ဦး ခြံထောင့်မှစပြီး မြေကြီးများ စတူးကြသည်။

ပတ်ပတ်လည် ပန္နက်ချဖို့ တွင်းစတူးကြသည်။ ပြီး နောက် တခြားလူများပါ စတူးကြလေသည်။ ထိုအခါ အလုပ် သမားတစ်ဦးက ပေါက်တူးဖြင့် တူးလိုက်ရာ ...

"ဒုတ်...ဒုတ်..."

မကျေနပ်၍ နောက်ထပ်တစ်ခါထပ်ပြီး တူးပြန်သည်။ ထိုအခါအောက်ခံ သံထည်တစ်ခုခုကို ထိမိသံဖြစ်၍ထိုင်လိုက်ပြီး ရင်းပတ်ပတ်လည်ကို ပေါ်လွင်အောင် ဖော်လိုက်သည်။ ထိုအခါ သံသေတ္တာတစ်လုံးဖြစ်နေတာ တွေ့ရသည်။ သေတ္တာလေးက တစ်ပေပတ်လည်လောက်သာဖြစ်သည်။ ထိုအခါအလုပ်သမား လည်း သံသေတ္တာလေးကိုမကာဖုန်းမော်ဆီသို့ ယူလာပေးလိုက် သည်။ ဖုန်းမော်လည်း သံသေတ္တာလေးကိုကြည့်ပြီး အထဲ၌ ဘာများထည့်ထားသလဲဆိုတာ သိချင်၍ ဖွင့်ရန်ကြည့်လိုက်ရာ သေတ္တာတွင် သော့အသေးလေးခတ်ထားတာ တွေ့ရသည်။

ဒါနဲ့ သော့လေးကိုရိုက်ဖွင့်လိုက်သည်။ ပြီးနောက် အဖုံး ကိုဖွင့်လှန်လိုက်သောအခါ သူမျှော်လင့်ထားတာက ရွှေ ငွေ တစ် ခုခုဖြစ်မည်ဟု မျှော်လင့်ထားသည်။ ယခုတော့ မှတ်စုစာအုပ်နဲ့

စာရွက်စာတမ်းများ ဖြစ်နေတာ တွေ့ရသည်။ စာရွက်စာတမ်းနဲ့ မှတ်စုစာအုပ်က နှစ်ပေါင်းကြာနေ၍ ဆွေးမြေ့နေကြပြီဖြစ်သည်။ ဒါပေမဲ့ စာများကိုတော့ ဖတ်လို့ရသေးသည်။

သို့သော်လည်း စာများမှာ မြန်မာလိုမဟုတ်ဘဲ ဂျပန်လို ဖြစ်နေတာတွေ့ရသည်။ သူလည်း ဂျပန်စာမတတ်၍ ဘာမှ နား မလည်ဖြစ်နေသည်။

ထိုစာအုပ်ကိုတွေ့ပြီးအလုပ်သမားလည်းစိတ်ပျက်ကာ ဖုန်းမော်နားမှ ပြန်သွားလေတော့သည်။ ဖုန်းမော်ကတော့ ဂျပန် စာအုပ်လေးကိုကြည့်ကာ…

"အင်း… ဒီစာတွေဟာ အရေးကြီးတဲ့စာတွေ ဖြစ်နိုင် တယ်၊ သံရုံးမှာလုပ်တဲ့ သူ၏ သူငယ်ချင်းကို အကူအညီတောင်း ကြည့်မယ်"

ဟု ဆုံးဖြတ်လိုက်သည်။

ဖုန်းမော်လည်း ၎င်းစာအုပ်လေးကို သိမ်းထားလိုက် တော့သည်။

○

## အခန်း (၆)

နင်းကျက်သရေတို့ ကျောင်းသာတွင် တစ်ပတ်ပြည့်တော့မည်ဖြစ်သည်။ သူမတို့လည်း ပျင်းလာပြီဖြစ်၍ ပြန်ဖို့အတွက် လက်ဆောင်များဝယ်ရန် ဈေးတန်းဘက်သို့ထွက်လာခဲ့ကြသည်။

သူတို့လည်း ရေကူးလိုက်၊ စားလိုက်၊ အိပ်လိုက်၊ ရေပြန်ကူးလိုက်နဲ့ နစ်ရက်သုံးရက် ဘယ်မှမထွက်ဖြစ်ခဲ့ပါ။

နင်းကျက်သရေလည်းဖုန်းမော်ကိုမတွေ့ရတော့လည်း သတိရနေမိသည်။ သူမ သတိရနေသလို ဖုန်းမော်လည်း နင်း

ကျက်သရေတို့ကို သတိရ၍ ထွက်လာခဲ့ခြင်းဖြစ်သည်။ ပထမ တော့ ဈေးတန်းနားမှာ လက်ဖက်ရည် သောက်ပြီး နင်း ကျက်သရေတို့ရှိသော တည်းခိုဆောင်သို့ သွားလည်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ဒါပေမဲ့ သူ၏သူငယ်ချင်းတွေကိုတော့ ဘာမှ မပြောခဲ့ပါ။ လက်ဖက်ရည်ဆိုင်ရောက်မှ ပြောမည်ဟု စိတ်ထဲမှာ တေး ထားသည်။ သူတို့လက်ဖက်ရည်ဆိုင်နားသို့ ရောက်လာ ခဲ့သည်။

ထိုအခါ မျက်နှာချင်းဆိုင်ဘက်မှလည်း နင်းကျက်သရေ တို့ လျှောက်လာနေတာ မင်းသိန်းက အရင်မြင်လိုက်သည်။

"ဟော့ကောင်… ဖုန်းမော်… နင်းကျက်သရေတို့ မဟုတ် လား"

မင်းသိန်းက ရှေ့မှလျှောက်လာနေသော သုံးယောက် ကို လက်ညှိုးထိုးကာ ဖုန်းမော်ကို ပြလိုက်သည်။

ထိုအခါ ဖုန်းမော် က လှမ်းကြည့်ပြီး …

"ဟုတ်တယ်…ဟုတ်တယ်…"

ထိုသို့ပြောနေစဉ်တွင် နင်းကျက်သရေတို့က သူတို့နား သို့ ရောက်လာသည်။

"ဟင်... ကိုဖုန်းမော်တို့ပါလား"

ရတနာမြိုင်က စပြီး မိတ်ဆက်လိုက်သည်။

"လက်ဖက်ရည် လာသောက်တာလား"

"ဟုတ်ပါတယ်... ကျွန်တော်တို့လည်း အလုပ်တွေများနေလို့ ဒီဘက်မရောက်တာ နှစ်ရက်၊ သုံးရက်တောင်ရှိသွားပြီ၊ ဒီက နင်းတို့ ပြန်များသွားပြီလားလို့..."

ထိုအခါ နင်းကျက်သရေက...

"မပြန်သေးပါဘူး... မနက်ဖြန်ပြန်မလားလို့ စီစဉ်နေတာ၊ လက်ဆောင်ပစ္စည်းတွေ လာဝယ်တာပါ"

"ဒါဆိုလည်း လက်ဖက်ရည်သောက်ပါဦး၊ လာပါ... လမ်းမကြီးမှာ စကားရပ်ပြောတာ မကောင်းပါဘူး"

ဖုန်းမော်ကစပြီး ကော်ဖီဆိုင်ထဲသို့ခေါ်ကာ ဦးဆောင်ဝင်လိုက်သည်။

နင်းကျက်သရေတို့လည်း မငြင်းသာတော့ဘဲ နောက်မှ လိုက်ဝင်လိုက်ကြသည်။ ဆိုင်ထဲသို့ရောက်ပြီး စားစရာ သောက်စရာများ မှာယူစားသောက်ကြလေသည်။ ထိုအခါ ဖုန်းမော်က နင်းကျက်သရေဘက်သို့မသိမသာ ခိုးကြည့်မိသည်။

သူ၏ ခိုးကြည့်သောအကြည့်ကို နင်းကျက်သရေက အကြည့်နဲ့ ဆုံမိသွားကြသည်။

နစ်ယောက်စလုံး မလုံမလဲ မျက်နှာများဖြင့် အောက်သို့ ငုံ့လိုက်ကြသည်။

ဖုန်းမော်တစ်ယောက်ကတော့နင်းကျက်သရေတို့ ပြန်တော့မည်ဖြစ်၍ ရင်ထဲမှာ လွမ်းမိသလိုဖြစ်မိသည်။

ကားပေါ်မှ အဖြစ်အပျက်ကလေးကို သတိရမိသည်။ သူမ၏ ကိုယ်သင်းနံ့နှင့် ရှန်ပိုအနံ့လေးကို ယခုထိ ရင်ထဲမှာ စွဲနေမိသည်။

"ဟော့ကောင် ဖုန်းမော် စကားလေးဘာလေး ပြောလေကွ… မင်းဟာကလည်း ခေါ်တော့ခေါ်လာပြီးတော့ ငြိမ်နေတယ်"

ထိုအခါ သူခိုးလူမိသလို ဖုန်းမော် ပြာပြာသလဲဖြစ်ကာ…

"ဆောရီးနော်… ကျွန်တော် အတွေးလွန်သွားလို့ပါ၊ ကျွန်တော်တို့ကတော့ ချောင်းသာမှာ ကြာအုံးမယ်လေ၊ ဒီက နင်းတို့ ပြန်သွားရင်တော့ ကျွန်တော်တို့မှာ မိတ်ဆွေတွေ လျော့သွားပြီနော်…"

"အင်း… ဟုတ်တယ်နော်၊ ကျွန်မတို့လဲ အခုလို ခင်မင်ခဲ့ရ

တဲ့ မိတ်ဆွေတွေကို ပြန်မယ်ဆိုမှ ပိုပြီးသတိရသလားလို့ စိတ်ထဲမှာ ထင်မိတယ်"

ရတနာမြိုင်က ပြောလည်းပြော နှင်းဘက်သို့လှည့်ကာ ကြည့်လိုက်သည်။ ပြီးနောက်...

"နှင်းကော... ဘယ်လိုလဲ"

နှင်းကျက်သရေက ခေါင်းငုံ့ပြီး ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ရတနာမြိုင်က အားမလို အားမရဖြစ်ကာ...

"ဟာ... နှင်းကလည်း ပါးစပ်နဲ့ပြောပါ၊ ဘာဖြစ်လို့ ခေါင်းညိတ်ပြရတာလဲ"

နှင်းကျက်သရေက ဖုန်းမော်နဲ့သူ၏ အဖြစ်ကို ရတနာမြိုင်က မသိ၍ ယခုလို အတင်းအကြပ်ပြောနေတယ်ဆိုတာ သိလိုက်သည်။

ဒါနဲ့ သူမလည်း မနေကောင်းတတ်၍...

"ဟုတ်ပါတယ်... ရတနာပြောသလိုပါပဲ၊ ကျွန်မတို့လည်း မိတ်ဆွေတွေ လျော့သွားသလို ခံစားရတာယ်"

ထိုအခါ စကားနည်းသော အောင်အောင်က ...

"ဒီက ညီမတို့က ဘယ်နေ့ပြန်ဖြစ်မလဲဟင်"

"ဒီတစ်ရက်၊ နှစ်ရက်အတွင်း ဖြစ်မှာပါ"

"ဒီလိုလုပ်ပါလား... ညခြောက်နာရီလောက်မှာ သောင်ပြင်မှာဆုံကြရအောင်... မပြန်ခင်လေး အမှတ်တရပေ့ါ၊ အမှတ်တရ ပစ္စည်းတွေ လဲရမှာနော်... ဒီအော့ အဖိုးမတန်ချင်နေပါ၊ အမှတ်တရဖြစ်ရင် ရပါပြီ"

"အဲဒါ ကောင်းတယ်...ငါတော့ လက်ခံတယ်"

တစ်ချိန်လုံး ငြိမ်နေသော ခတ္တာဖြူက ဝင်ပြီးထောက်ခံလိုက်သည်။

ပြီးနောက် အောင်အောင်ဘက်သို့ လှည့်ကာ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

သူတို့၏ စကားဝိုင်းလေး အချိန်တော်တော်ကြာသည်အထိ ပြောဖြစ်ခဲ့ကြသည်။

ပြီးနောက် ဖုန်းမော်တို့က အလုပ်တွေ ရှိနေသေး၍ အားလုံးကို နှုတ်ဆက်ကာ လမ်းခွဲခဲ့ကြတော့သည်။

○

## အခန်း (၇)

"ညနေ ခြောက်နာရီကလည်း မထိုးနိုင်ဘူးကွ"

"ကြာလိုက်တာ..."

"ဟော့ကောင်... ဘာတွေ ညည်းနေတာလဲ... နားငြီးတယ်ကွ"

ဟု မင်းသိန်းက အော်လိုက်သည်၊ ထိုအခါ ညည်းတွားနေသော အောင်အောင်ထစ်ယောက် ငြိမ်သွားသည်၊ အောင်အောင် ညည်းနေတာ မင်းသိန်းက မကြားချင်ယောင်ဆောင်ပြီး

ဟောက်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ သူလည်း မြန်မြန် ရောက်နေစေချင်သည်။

ထိုအချိန်တွင် ဖုန်းမော်က ရေချိုးရာမှ ပြန်လာသည်။

"ဟေ့ကောင်တွေ… ဘာတွေပြောနေကြတာလဲ… ရေသွားချိုးကြလေ"

"ဒါနဲ့ မင်းတို့ကို မေးစရာရှိတယ်"

"ဘာလဲကွ…မေးလေ"

မင်းသိန်းက မေးလိုက်သည်။

"မင်းတို့ ဘာပစ္စည်းတွေ ဝယ်ထားကြလဲ"

"ငါတို့ကတော့ ချောင်းသာမှာဆိုတော့ ချောင်းသာပစ္စည်းတွေပဲ ဝယ်တာပေါ့ကွ"

"ချောင်းသာပစ္စည်းဆိုတာ ဘာပစ္စည်းလဲကွ၊ ငါးခြောက်တွေ၊ ပုဇွန်ခြောက်တွေလား"

"ဟာ… ခွီးမှပဲ အဲဒါမင်းပဲ ဝယ်ပေး"

မင်းသိန်းတစ်ယောက်ဖုန်းမော်စလိုက်သော စကားကို မခံချင်၍ ဆဲလိုက်မိသည်။

"ဒါဆို ဘာပစ္စည်းလဲကွ"

"အမှတ်တရပေးတယ်ဆိုမှတော့ အလှအပ ဖန်စီလေးတွေပေးမှာပေါ့... မိန်းကလေးတွေလည်း ကြိုက်ရမှာ... ငါတို့ကိုလည်း သတိရနေရမယ်... ဘယ်အချိန်ကြည့်ကြည့် သတိရနေရမယ့် ပစ္စည်းလေးဖြစ်ရမှာပေါ့"

"အလှဲ့...အလာချည်းပါလား"

အောင်အောင်က ဝင်ပြောလိုက်သည်။ ပြီးနောက် ...

"ဒီလောက် ကဗျာဆန်ဆန်ပြောနေမှတော့ သူ့ပစ္စည်းလည်မှာဆွဲတဲ့ သရေခံပဲ ဖြစ်မှာပါ"

"ဟာ... ခွေးကောင် အကောင်းပြောနေတာ မနောက်နဲ့၊ ငါ့ပစ္စည်း ငါ့ဟာငါ ဝယ်မှာ"

အောင်အောင်မှာ မင်းသိန်း ပြောနေတာကို သဘောကျပြီး ပြုံးလိုက်မိသည်။ သူတို့ သူငယ်ချင်းများမှာ ယခုမှ စကြ၊ နောက်ကြ ပြောဖြစ်ကြသည်။ တစ်နေ့တစ်နေ့ ဘန်ဂလိုဆောက်တဲ့အလုပ်ထဲမှာ နစ်နေ၍ ယခုလို အပျော်စကားလေးများ၊ နောက်ပြောင်မှုများ မပြောရတာ ကြာခဲ့ပါပြီ ...

ထိုအခါ ဖုန်းမော်က ...

"ကဲ... ဘော်ဒါတို့ ရေချိုးကြတော့လေ၊ လေးနာရီကျော်နေပြီ... ပြီးရင် အမှတ်တရပစ္စည်းတွေဝယ်ဖို့ အချိန်မရဘဲနေအုံးမယ်..."

ဖုန်းမော် သတိပေးလိုက်မှ သူငယ်ချင်းနှစ်ယောက်လည်း ရေချိုးရန်ပြင်ကြလေတော့သည်။

ဝ

# အခန်း (၈)

ကမ်းစပ်တစ်နေရာ ဘုရားလေးရှိတဲ့ ကျောက်တုံးနားတွင် နင်းကျက်သရေတို့က ဖျာလေးခင်းကာ လေညင်းခံနေကြသည်။ အချိန်က လိုသေးသည်။ သူမတို့က တည်းခိုဆောင်မှာ နေရတာပျင်းလာ၍ ကမ်းစပ်သို့ စောစောဆင်းလာခဲ့ကြသည်။ နာရီကို ကြည့်လိုက်သောအခါ ညနေ ငါးနာရီခွဲပဲ ရှိသေးသည်။

"မိနင်း ဘာတွေဝယ်လာသလဲ၊ ပြောပြပါလား"

"နင်တို့လည်း မြင်တာပဲဥစ္စာ ဘာပြောပြဖို့ လိုသေး

လို့လဲ”

ထိုအခါ ရတနာက…

“ငါ မြင်တော့ မြင်လိုက်တယ်၊ ဒါပေမဲ့ ပစ္စည်းက ထုပ်ပိုးနေတော့ သေသေချာချာ မသိလိုက်ဘူး”

ထိုအခါ ခတ္တာဖြူက…

“ငါပြောပြမယ်၊ မိနှင်း ဝယ်တဲ့ပစ္စည်းက ခရု၊ ကမာလေးတွေနဲ့ လုပ်ထားတယ်၊ ကောင်လေးနဲ့ ကောင်မလေးပုံပါ… လက်ချင်းဆွဲ၊ မျက်နှာချင်းဆိုင်ပုံပါ… လက်ရာတော့ ကောင်းတယ်၊ ပြီးတော့ အဲဒီပုံကို ကော်ဗူးလေးထဲ ထည့်ထားတယ်”

“အလို့…ဒီလိုဆိုတော့ နှင်းက လွမ်းနေတဲ့ ပုံပဲ၊ ဘယ်သူ့ကိုလဲ၊ ကိုဖုန်းမော်ကိုလား”

ခတ္တာဖြူက ပြောပြီး နှင်းကျက်သရေကို အကဲခတ်နေသည်။ ထိုအခါ နှင်းကျက်သရေက မသိသလိုဖြင့် ပင်လယ်ပြင်ကို ကြည့်နေမိသည်။ ထိုအခါ ရတနာက…

“ဒါနဲ့ နှင်ကော ဘာဝယ်ခဲ့လဲ၊ ဘယ်သူ့ကို ပေးမှာလဲ၊ ဟိုဖြူဖြူကောင်လေး ကိုမင်းသိန်း ကိုလား”

"အင်းပေါ့... သူ့ကိုပဲ သူကငါ့ကို တွေ့တိုင်း အမြဲပြုံးပြုံးပြတယ်၊ ပြန်ရင်လည်း အမြဲနှုတ်ဆက်ပြီးမှ ပြန်တယ်၊ နှင်တို့ မသိလိုက်ဘူးမဟုတ်လား"

"အောင်မယ်... အောင်မယ်... ကောင်မ... တယ်သွက်နေပါလား၊ နှင်ကော သူ့အတွက် ဘာဝယ်ခဲ့လဲ..."

"ငါက ကမာကောင်လေးနှစ်ခု မျက်နှာချင်းဆိုင်ပြီး သူတို့ရဲ့ကိုယ်ပေါ်မှာ မျက်နှာလေး ဆွဲထားတဲ့ပုံ"

"နောက်ပြီး သူများတွေကိုပဲ လိုက်မေးတယ် မိန်းမ...နှင်ကော ဘာဝယ်ခဲ့လဲ ပြော..."

"ပြောမှာပေါ့...ငါက နှင်တို့နဲ့ မတူတဲ့အရာ ဝယ်ခဲ့တယ်"

"ဘာလဲပြော... ပဟေဠိတွေ ဘာတွေလုပ်မနေနဲ့"

ခတ္တာက စိတ်မရှည်သောပုံဖြင့် ရတနာကိုကြည့်ပြီး မေးလိုက်သည်။

"ဟောဒီမှာ..."

ဟု ထုတ်ပြလိုက်သည်။ ရတနာက သူထုတ်ပြလိုက်သောအရာမှာ ဖန်လုံးထဲတွင် ကောင်လေးနဲ့ ကောင်မလေးနှစ်ဦး

ပန်းပေးနေတဲ့ပုံလေးဖြစ်သည်။

သူတို့အားလုံး လက်ဆောင်ပစ္စည်းများကိုယ်စီ၊ အတွေး ကိုယ်စီဖြင့် ပင်လယ်ဘက်သို့ ငေးကာ တခဏအတွင်း တိတ် ဆိတ်မှုက ကြီးစိုးသွားလေတော့သည်။

ထိုအချိန်တွင် သူတို့၏နားသို့ ခြေသံများကြားလိုက်၍ နှင်းကျက်သရေက စပြီးအနောက်သို့လှည့်လိုက်သည်၊ ထိုအခါ သူတို့နားသို့ ဖုန်းမော်တို့သုံးယောက်က ရောက်လာနေပြီးသား ဖြစ်ကာ…

"နှင်းတို့ ရောက်နေတာကြာပြီလား"

ထိုအခါ နှင်းကျက်သရေက ခေါင်းညိတ်ပြလိုက်သည်၊ ထိုအခါ ဖုန်းမော်က…

"ကျွန်တော်တို့လည်း လက်ဆောင်ပစ္စည်း ဝင်ဝယ်နေ လို့ကြာနေတာပါ"

ဟု ပြောပြီး သူတို့၏ တစ်ဖက်တွင် နေရာချန်ထားပြီး သားနေရာတွင် သုံးယောက်သား ဝင်ထိုင်လိုက်ကြသည်၊ တစ် ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြပြီး

ပါလာသောလက်ဆောင်ပစ္စည်းများ၊ အထုပ်ကလေးများ လဲလှယ်ယူလိုက်ကြသည်။

သူတို့အားလုံး၏ ရင်ထဲမှာတော့ လက်ဆောင်ပစ္စည်းများကို သိချင်မြင်ချင်စိတ်များဖြစ်ကာ မနည်းမြိုသိပ်ထားကြလေသည်။ လက်ဆောင်များလဲလှယ်ပြီး၍ စတ္တာဖြူက သူတို့အသင့်ဝယ်လာသော စားစရာများဖြင့် ညှိခံကာ အာလာပသလာပစကားများပြောဖြစ်ခဲ့ကြသည်။ ထိုအချိန်တွင် ဖုန်းမော်က နှင်းကျက်သရေကို...

"နှင်း... ကျွန်တော်တို့ဟိုကျောက်တုံးနား ခဏသွားရအောင်နော်..."

ထိုအခါ နှင်းကျက်သရေလည်း...

"သွားလေ..."

ဟုပြောပြီးဖုန်းမော်၏မျက်နှာကိုစိုက်ကြည့်မိသည်။ ထိုအခါဖုန်းမော်ကလည်းနှင်းကျက်သရေ၏ပြောပုံဆိုပုံလှုပ်ရှားပုံများကို အမြဲလိုကြည့်နေတော့ မျက်လုံးချင်း ဆုံဖြစ်သွားသည်။

သူတို့နှစ်ဦး ထိုင်ရာမှ ထလာခဲ့ကြသည်။ ထိုအချိန်တွင်

ညကလည်း အမှောင်ဘက်သို့ များလာပြီဖြစ်၍ ပင်လယ်ဘက်မှ တိုက်လာသောလေနုအေးကလည်း အအေးဓာတ်ကို လွှမ်းမိုးနေပြီဖြစ်သည်။ သူတို့နှစ်ဦး ကျောက်တုံးလေးပေါ်သို့ ရောက်လာပြီး ထိုင်လိုက်ကြသည်။ ထိုအချိန်တွင် ဖုန်းမော်က ...

"နှင်း... သိပ်အေးနေလား"

"မအေးပါဘူး"

"နှင်းတို့ ပုသိမ် ပြန်ကြတော့မယ်နော်... ပြန်တော့မယ်လို့ ပြောလိုက်တော့ ကျွန်တော့်ရင်ထဲမှာ တမျိုးကြီးပဲ ခံစားလိုက်ရတယ်၊ ဘယ်လိုပြောရမှန်းမသိဘူး၊ နှင်းတို့နဲ့ ခင်ခဲ့တာ မကြာသေးပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ ဟိုအရင်ကတည်းက ခင်လာခဲ့ကြတဲ့ သူငယ်ချင်းတွေလိုပဲ၊ ဒါတွေဟာ ရေစက်များလာဆုံသလားလို့ ... နှင်းကော မထင်မိဘူးလား"

"နှင်းလဲ ဒီလိုပဲ ခံစားရသလားဟင်"

ဖုန်းမော်တစ်ယောက် သူချည်းပြောပြီး နှင်းကျက်သရေကို မေးလိုက်မိသည်။ ထိုအခါ နှင်းကျက်သရေ ဖုန်းမော်ကို ပြန်ကြည့်ကာ ...

"အင်း..."

ဟု တစ်လုံးသာပြောပြီး ခေါင်းငုံ့နေလိုက်သည်။ ပြီး တော့ ပင်လယ်ဘက်သို့ ငေးကာ ကြည့်နေလိုက်သည်။

"နင်း... ကျောင်းပြန်တက်ရင် ကျွန်တော့်ဆီ စာရေးပါ နော်... ဖုန်းလည်း ဆက်လို့ရပါတယ်၊ ကျွန်တော့်ရဲ့ လိပ်စာကတ် လေး၊ လက်ဆောင်ပုံးထဲမှာထည့်ပေးထားတယ်"

နင်းကျက်သရေ ဖုန်းမော်ကို ရွှန်းလဲ့သော မျက်လုံးများ ဖြင့် ကြည့်ကာ တစ်ဖက်သို့ လှည့်သွားသည်။ သူမ၏ ရင်ထဲမှာ လည်း ဖုန်းမော်ပြောသလိုမျိုး ခံစားနေရတယ်ဆိုတာ မိန်း ကလေးဖြစ်နေလို့ မပြောဖြစ်ခဲ့ပါ။ သူတို့နှစ်ဦး၏ မေတ္တာပေါင်း ကူးလေးကတော့ အကြည့်ခြင်းဖြင့် ကူးစက်သွားကြလေတော့ သည်။

ထိုအခါ ကျန်ခဲ့သော သူငယ်ချင်းများက သူတို့နှစ်ဦး ဖက်သို့လှည့်ကာ...

"မင်းသားနဲ့ မင်းသမီးတို့ အေးလာပြီ၊ ပြန်ကြစို့၊ လွမ်းရင် လည်း အိပ်ရာထဲရောက်မှ ဆက်ပြီးလွမ်းကြတော့..."

ဟု အော်ဟာစ်ကာ ပြောလိုက်သောကြောင့် ဖုန်းမော်တို့ တစ်ဦးနဲ့တစ်ဦး ကြည့်ပြီး ပြုံးလိုက်မိကြသည်။

အားလုံး လမ်းခွဲကာ ပြန်ခဲ့ကြတော့သည်။

၀

# အခန်း (၉)

ဖုန်းမော် ရန်ကုန်ထွက်မည့်ကားပေါ်သို့ တက်လိုက်သည်။ ရန်ကုန်ကိုသွားဖို့က ဂျပန်စာပါသော မှတ်စုစာအုပ်ကြောင့် ဖြစ်သည်။

ရန်ကုန်တွင်ရှိသော သူ၏ သူငယ်ချင်းမိတ်ဆွေ အကူအညီနဲ့ ဂျပန်စာကို အဓိပ္ပါယ်ဖော်ရမည်ဖြစ်သည်။ ကားပေါ်သို့ရောက်ပြီး သူ၏ ရှေ့လုပ်ဆောင်ရမည့် တာဝန်များကို စဉ်းစားနေမိသည်။

ထိုအခါ သတိရ၍ သူ၏ဘေးသို့ လှည့်ကြည့်မိသည်။ တစ်ခါက ချောင်းသာထွက်လာတုန်းကလိုမျိုး သူ့ဘေးတွင် မိန်းကလေးခရီးသည်ပါလာသလားလို့ ကြည့်မိသည်။ ဒါပေမဲ့ အထင်နဲ့အမြင် လွဲခဲ့သည်။ ဒီတစ်ခါတော့ ကုလားအဖိုးကြီး ဖြစ်နေသည်။

ရန်ကုန်ရောက်လာခဲ့ပြီ၊ ပထမတော့ မင်းဇော်ဆီ အရင်သွားရသည်။ မင်းဇော်ဆိုတဲ့သူက သူနဲ့ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှာတုန်းက ခင်ခဲ့သောသူဖြစ်သည်၊ ရန်ကုန် မရောက်တာလည်းကြာတော့ အရင်အိမ်မှာ ရှိပါအုံး မလားလို့ စိုးရိမ်မိသည်။

"ဘာပဲဖြစ်ဖြစ် သွားကြည့်လိုက်မယ်"

လို့ ဆုံးဖြတ်လိုက်သည်။

တောင်ဥက္ကလာနဲ့ ဘောက်ထော်ကြား သူ့ဒွေးရပ်ကွက်တစ်ခုထဲသို့ ဖုန်းမော် လျှောက်လာခဲ့သည်။ ကားမငှားတော့ဘဲ လမ်းလျှောက်ရင်း အိမ်ကို ရှာနေမိသည်။

ဟော...တွေ့ပါပြီ...

ခြံနံပါတ် ၅၇၊ ဇီဇဝါလမ်းထဲသို့ ရောက်၍ သိပ်မရှာရပါ။ ခြံရှေ့အုတ်တိုင်တွင် တပ်ထားသော ဘဲလ်ကို နှိပ်လိုက်သည်။ ထိုအခါ အိမ်ထဲမှ မိန်းမကြီးတစ်ဦး ထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ တူလေး"

"ကျွန်တော် မင်းဇော် သူငယ်ချင်းပါ၊ သူရှိလား ခင်ဗျား"

"ရှိပါတယ်... အထဲမှာပါ... လာပါ... ဝင်ပါ"

ဖုန်းမော် ၎င်းအဒေါ်ကြီးနဲ့အတူ နောက်မှ လိုက်လာခဲ့သည်။

ထိုအခါ အိမ်ထဲမှ မင်းဇော်က အပေါ်ထပ်မှ ဆင်းလာခဲ့သည်။

"ဟော့ကောင် ဖုန်းမော်၊ ဘယ်တုန်းက ရောက်တာလဲ"

"ဒီနေ့ပဲ ရောက်တယ်"

"ဘယ်မှာ တည်းတာလဲ၊ ဒီမှာလာတည်းလေ"

"အေး... ဒီမှာတည်းဖို့ပဲ လာတာ"

"လာ... ဧည့်ခန်းမှာ ထိုင်အုံး၊ စကားပြောရအောင်"

သူငယ်ချင်းနှစ်ယောက် ဧည့်ခန်းတွင် ထိုင်ကာ မင်းဇော်

ကစပြီး...

"ကိစ္စနဲ့လာတာလား...အလည်လာတာလား"

"ကိစ္စတစ်ခုနဲ့လာတာပါ၊ပြီးတော့မင်းဆီက အကူအညီ ပါ လိုချင်လို့ပါ"

"ပြော... ဘာကူညီပေးရမလဲ"

ထိုအခါ အိမ်ဖော်ကောင်မလေးက ကော်ဖီနှစ်ခွက် လာချပေးသည်။

ကော်ဖီသောက်ရင်း ဖုန်းမော်က သူလာခဲ့ရသော အကြောင်း၊ ဂျပန်မှတ်စုစာအုပ်အကြောင်းကို ပြောပြလိုက် သည်။ ထိုအခါ မင်းဖော်က ...

"မင်း ဘာမှမပူပါနဲ့၊ ငါ့အသိတွေထဲမှာ ဂျပန်စာတတ်တဲ့ သူတွေရှိပါတယ်၊ အခုငါလည်း ဂျပန်စာ သင်နေတယ်"

"ဟာ... ဒါဆို ဟန်ကျတာပေါ့... လုပ်စမ်းပါအုံးကွ၊ ငါ့ကို ကူညီပါအုံး၊ ဘာတွေရေးထားမှန်းမသိဘူး၊ ဒါပေမဲ့ အရေးကြီးတဲ့ စာတွေဆိုတာတော့ သိလို့ပါ"

သူငယ်ချင်းနှစ်ယောက် အရင်ကအကြောင်းတွေကိုပါ

ပြောရင်း စကားပြောရင်း အချိန်တွေကုန်သွားကြသည်။

နောက်တစ်နေ့တွင် ဂျပန်စာအုပ်ကို မိတ္တူများကူးကာ ဂျပန်စာများကို မြန်မာပြန်နိုင်းလေတော့သည်။

ဒီလိုနဲ့ သူ နှစ်ရက်၊ သုံးရက်ခန့် ရန်ကုန်တွင်ကြာခဲ့သည်။

တစ်နေ့တွင် အိမ်ထဲ၌သာ အချိန်ကုန်ကာများ၍ သူငယ်ချင်းနှစ်ယောက် အပြင်သို့စိတ်ပြေလက်ပျောက် သဘော မျိုး မြို့ထဲသို့ထွက်ခဲ့သည်။ စီးတီးမတ်များကိုလည်း လျှောက် ကြည့် လျှောက်ပတ် နေမိသည်။

ထိုအခါ နာမည်ကြီးစီးတီးမတ်ဖြစ်တဲ့ ယုဇနပလာဇာသို့ လျှောက်ကြည့်နေရိုက် ပထမထပ်တွင် မမျှော်လင့်ဘဲ နင်းကျူက် သရေတို့ သုံးယောက်ကို တွေ့လိုက်ရသည်။

"ဟင်… နင်းတို့ပါလား၊ ဈေးလာဝယ်တာလား"

"ဟာ… ကိုဖုန်းမော်၊ ရန်ကုန်ရောက်နေတာလား"

"ဟုတ်ပါတယ်… ကိစ္စတစ်ခုနဲ့ ရန်ကုန်ခဏလာတာပါ"

"သူငယ်ချင်းတွေကော မပါဘူးလား"

"သူတို့က ရှောင်းသာမှာ ကျန်ခဲ့တယ်"

"ဪ... မိတ်ဆက်ပေးရအုံးမယ်"

"ဒါက ကျွန်တော်တည်းတဲ့ အိမ်ကပါ... သူနာမည်က ကိုမင်းဇော်ပါ၊ သူလည်းပဲ ကျောင်းနေဘက်သူငယ်ချင်းပါ"

"ဟုတ်ကဲ့... ကျွန်တော် မင်းဇော်ပါ၊ လမ်းမှာတွေ့ရင် လည်းခေါ်ပါနော်"

"ဟုတ်ကဲ့... ကျွန်မတို့ကလည်းခင်တတ်ပါတယ်၊ ကိုဖုန်း မော်နဲ့က ချောင်းသာမှာတွေ့လို့ ခင်မင်တဲ့ မိတ်ဆွေ ဖြစ်ခဲ့တာပါ"

"သူက ရတနာမြိုင်ပါ၊ ဟိုဘက်ကတော့ ခတ္တာဖြူ... ကျွန်မကတော့ နှင်းကျက်သရေပါ..."

"ဟုတ်ကဲ့... အားလုံးတွေ့ရတာ ဝမ်းသာပါတယ်"

"ဒါနဲ့ တစ်ခုခု စားရင်းပြောရအောင်..."

ဟု ဖုန်းမော်က ဦးဆောင်ပြီး စားသောက်ဆိုင်ဘက်သို့ ခေါ်ခဲ့သည်။ စားသောက်ဆိုင်သို့ ရောက်သော်...

"နှင်းတို့က ရန်ကုန်ကို အလည်လာတာလား"

"ဆိုပါတော့... ကိစ္စတစ်ခုလည်းပါတယ်"

"ဘယ်နေ့ပြန်မှာလဲဟင်..."

"ဒီတစ်ရက်၊ နှစ်ရက်အတွင်းမှာ ပြန်မှာပါ"

"ဟာ... ဒါဆို ကျွန်တော်လည်းပြန်မှာ၊ ဒီလိုလုပ်ပါလား၊ အတူတူ လိုက်ခဲ့လို့ရမလား၊ အဖော်ရအောင်လို့ပါ"

နင်းကျက်သရေက ရတနာဘက်သို့လှည့်ကာ "ဘယ်လိုလဲ" ဆိုတဲ့သဘော မျက်နှာထားဖြင့် မေးသလိုနဲ့ မေးလိုက်သည်။ ဒါကိုရတနာက သဘောပေါက်ကာ ဖုန်းမော်ဘက်သို့ လှည့်ကာ...

"ရပါတယ်... ကျွန်မတို့လည်း ယောကျ်ားလေးအဖော်ရတာပေါ့"

"ဒါနဲ့ နင်းကကော သဘောတူရဲ့လား၊ ကျွန်တော်နဲ့ သွားရတာ အနေကျပ်နေမှာစိုးလို့ပါ"

"ရပါတယ်... ကိုဖုန်းမော... နင်းက ဘာမှမဖြစ်ပါဘူး"

"ဒါဆို နင်းတို့ပြန်မယ့်ရက်ကို ကျွန်တော့်ဆီ ဖုန်းဆက်ပါနော်... ဒီမှာ နင်းဆီမှာ ရှိသေးတယ်မဟုတ်လား"

"အင်း..."

နင်းကျက်သရေက "အင်း" တစ်လုံးသာပြောပြီး ခေါင်းညိတ်နေမိသည်၊ သူမရှက်နေတာ သူမ၏ သူငယ်ချင်းများက

သဘောပေါက်ပြီး ရတနာက ဝင်ပြောလိုက်သည်။

"ကျွန်မတို့ ဆက်ပါ့မယ်"

" ဒါနဲ့... ဘယ်နေ့လောက်ဖြစ်မလဲ၊ ကျွန်တော် ကြိုပြီး လက်မှတ်ဝယ်ထားရအောင်လို့ပါ"

ထိုအခါရတနာကပဲ ဆက်ပြီး...

"သဘက်ခါ သွားမယ်လေ... ကျွန်မတို့ကိစ္စလည်း ပြီးသွားပြီ"

"ဟုတ်ကဲ့...ကျွန်တော်လက်မှတ်ဝယ်ထားပြီးဖုန်းဆက်လိုက်ပါ့မယ်"

ထိုအခါ နှင်းက ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်ငွေစက္ကူများထုတ်ကာ ကားလက်မှတ်ဖိုးပေးလိုက်သည်။

"မလိုပါဘူး နှင်း၊ ကျွန်တော် စိုက်ထားပါ့မယ်၊ ကျွန်တော်ကတော့ ဝမ်းသာပါတယ်၊ အဖော်တွေနဲ့အတူ ပြန်ရမှာမို့ပါ"

သူတို့အားလုံး စားသောက်ပြီး လမ်းခွဲခဲ့ကြလေတော့သည်။

○

# အခန်း (၁၀)

ကားပေါ်တွင် နှင်းနဲ့သူက တစ်ခုံထိုင်ရသည်၊ ရတနာနဲ့ ခတ္တာက တစ်ခုံထိုင်သည်၊ ဖုန်းမော်က ...

"နှင်း...နှင်းကို အရမ်းသတိရတာပဲ၊ ကျွန်တော် ဘယ်လို ဆက်သွယ်ရမှန်းမသိဖြစ်နေတယ်၊ နှင်းဆီက ဖုန်းကိုလည်း မျှော်နေမိတယ်"

"နှင်းလည်း ပုသိမ်ပြန်ရောက်ပြီး ကျောင်းကိစ္စတွေနဲ့ လုံးနေရလို့ ဖုန်းမဆက်တာပါ၊ ပြီးတော့ နှင်းက ဖုန်းမရှိတော့ မဆက်ဖြစ်တာပါ"

"ဒါပေမဲ့ နင်း ဆီက သတိရနေတယ်ဆိုတဲ့ အသံကြားရတာပဲ ဝမ်းသာလှပါပြီ၊ ကျွန်တော် ပုသိမ်လာတဲ့အခါ လာလည်မယ်နော်..."

"အင်း..."

နင်းကို မေးတိုင်း၊ ပြောတိုင်း "အင်း" ဆိုတဲ့ စကားလေး ပြောပြီးတိုင်း ခေါင်းငုံ့တာ အကျင့်ပဲလားတော့ မသိပါ။ တစ်မျိုး ကြည့်လို့ကောင်းမိသည်။

"ကျွန်တော် ချောင်းသာပြန်ရောက်ပြီး အလုပ်ကိစ္စတွေ ပြီးရင် ကျွန်တော် ရောက်အောင်လာခဲ့ပါ့မယ်၊ ပြီးတော့ နင်းကို လည်း ပြောစရာစကားတွေ အများကြီးပဲ၊ အဲဒီအခါကျမှပဲ ပြောတော့မယ်နော်..."

လမ်းတစ်လျှောက် စကားများပြောပြီး ပုသိမ်ရောက်တဲ့ အထိပါပဲ...

ပုသိမ်ကားဂိတ်ရောက်တော့ ဖုန်းမော် ကားပြောင်းကာ ချောင်းသာသို့ ခရီးဆက်ခဲ့လေတော့သည်။

○

ချောင်းသာရောက်တော့ နေ့လည် တစ်နာရီထိုးနေပြီ။ သူနေသောအိမ်သို့တန်းပြီးပြန်ခဲ့သည်။ အိမ်ကရွာထဲမှာဆိုတော့ နည်းနည်းတော့ လျှောက်ရသည်။

သူ့အနေနဲ့ ဆိုင်ကယ်ငှားလို့ရပေမယ့် လမ်းတစ်လျှောက်လုံးထိုင်လာခဲ့၍အညောင်းမိနေသည်။ ဒါကြောင့် လမ်းပဲလျှောက်ခဲ့သည်။

အိမ်သို့ရောက်သော် သူငယ်ချင်းနစ်ယောက် မရှိပါ။ သူတို့က ဘန်ဂလိုဆောက်သောနေရာသို့ ရောက်နေတယ်ဆိုတာ သူသိပြီးသားပါ။ ဒါနဲ့ ဖုန်းမော်လည်း ရေမိုးချိုးကာ အဝတ်အစားလဲပြီး ဘန်ဂလိုဆောက်သောနေရာသို့ လိုက်လာခဲ့သည်။ ထိုအခါ စိုးအောင်က သူ့ကိုမြင်ပြီး...

"ဟိတ်ကောင် ဖုန်းမော်... ပြန်ရောက်ပြီလား"

"အေး... ဒီနေ့ပဲ ရောက်တယ်"

"အဆင်ပြေခဲ့လား..."

"ဘာကိုလဲကွ"

"ဟာ... ဒီကောင် မင်းမှတ်စုစာအုပ်အတွက် ဘာသာပြန်

ဖို့ သွားတာမဟုတ်လား"

"ဪ... အေး ဟုတ်သားပဲ၊ ငါက နင်းကျက်သရေတို့နဲ့ အဆင်ပြေလားလို့ မေးတာယ် ထင်လို့ပါ"

"ဟာ... ဒီကောင် ခွီးမှပဲ... အရူးကောင်"

"ငါ... ရန်ကုန်မှာ နင်းတို့နဲ့ တွေ့ခဲ့တယ်"

"ဟာ..."

"ဟင်..."

"ဟုတ်လား... တကယ်လား..."

"အေး... ဟုတ်တယ်"

စိုးအောင်က အံ့ဩသော စိတ်နဲ့ ...

"ဟုတ်မှဟုတ်ရဲ့လားကွ... မင်း ငါတို့ကို လိမ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆိုမှကွ"

"မင်းဟာက ဆုံပဲဆုံနိုင်လွန်းတယ်၊ မင်းတို့က ရိုးမှ ရိုးရဲ့ လားကွ"

"အေး... ဟုတ်တယ်... ဒီကောင် မရိုးဘူးဆိုတာ ပေါ်

နေတယ်”

မခံချင်တဲ့စိတ်နဲ့ မင်းသိန်းက ဝင်ပြောလိုက်သည်။ ဖုန်းမော်ကိုလည်း မယုံသောစိတ်နဲ့ အကဲခတ်လိုက်သည်။

“ဟိတ်ကောင်တွေ... မင်းတို့ ငါ့ကို ဘာမှ သံသယမဖြစ်နဲ့၊ ငါတို့က ရိုးရိုးပါ၊ အခုလည်း တိုက်ဆိုင်သွားတာကွ... အင်းပေါ့လေ ငါ့ရဲ့ကုသိုလ်ကံကလည်း ကောင်းနေတော့ ဖူးစာရေးနတ်က ပို့ပေးလိုက်တယ်ထင်တယ်လို့ပဲ ငါယူဆလိုက်ပြီ...”

“ခွေးကောင်... ဒါမျိုးကျတော့ ငါတို့ကိုမခေါ်ဘူး၊ နောက်ဆိုရင် မင်းသွားတဲ့နောက်ကို ငါတို့လည်း လိုက်မယ်”

အောင်အောင်က မနေနိုင်တော့ဘဲ ဖုန်းမော်၏ အမူအရာကို ခံပြင်းပြီး ပြောလိုက်မိသည်။ ဖုန်းမော်ကတော့ သူငယ်ချင်းတွေ ဘာပဲပြောပြော ဂရုမစိုက်ဘဲ ထွက်သွားလေသည်။

ဘန်ဂလိုဆောက်နေသော အလုပ်သမားများနားသို့ သွားကာ လိုအပ်တာများကို ဆောင်ရွက်ပေးနေသည်။

ဘန်ဂလိုက ငါးဆယ်ရာခိုင်နှုန်းလောက်ပြီးနေပါပြီ။ မြေနေရာက ကျယ်တော့ ဘန်ဂလို နှစ်ထပ်၊ နှစ်လုံးဆောက်သည်။

ညနေဘက် အလုပ်သမားတွေပြန်မှ သူတို့သူငယ်ချင်းလေးဦး ပြန်ခဲ့ကြတော့သည်။

၀

ညနေစာ ထမင်းစားသောက်ပြီး သူငယ်ချင်းများ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ စကားဝိုင်းလေး ဖြစ်ကြသည်။ ထိုအခါ ဖုန်းမော်က သူဘာသာပြန်ပြီး ယူလာသော ဂျပန်စာများကို ဖတ်ကြည့်လိုက်သောအခါ သူရဲ့သူငယ်ချင်းများပါ အံ့သြသွားကြသည်။

ရန်ကုန်တွင် ဘာသာပြန်ရန်အတွက် မှတ်စုစာအုပ် စာရွက်များကို ခွဲဝေပြီး ပြန်ခိုင်းထားတာ ယခုမှ ပြန်ပြီး စာရွက်များစီပြီး ဖတ်မိသည်။ ထိုအခါ စိုးအောင်က...

"ဖုန်းမော်... ဘယ်လိုသဘောရလဲ၊ မှတ်စုစာအုပ်ထဲက အတိုင်း သွားရှာကြည့်မလား... နေရာကတော့ တစ်နေရာထဲ မဟုတ်ဘူး၊ မှတ်စုစာအုပ်ကတော့ သူတို့ သွားလာလှုပ်ရှားတဲ့

လမ်းကြောင်းနဲ့ ပြတဲ့သဘောပဲ၊ ပြီးတော့ ပစ္စည်းတွေမြှုပ်ထားတဲ့ နေရာအမှတ်အသားတွေပါပြထားတယ်၊ နေရာကတော့ အတိအကျတောင် ပါသေးတယ်"

ထိုအခါ မင်းသိန်းက စကားဝင်ထောက်လိုက်သည်။

"ကျန်တဲ့တစ်ပိုဒ်က ဂျပန်ဗိုလ်ကြီးရဲ့ တပ်စုတစ်စုက မြဝတီလမ်းကြောင်းပိုင်းမှာဆိုထားတယ်၊ ပြီးတော့ သူတို့ပြောပုံအရ လမ်းကြောင်းပြထားတဲ့မြေပုံနဲ့ တည်နေရာလည်း အတိအကျပဲ...သေတ္တာက နှစ်လုံးတောင် ဆိုထားတယ်"

ထိုအခါ အောင်အောင်က...

"ဒီသေတ္တာတွေက လက်နက်သေတ္တာတွေကော မဖြစ်နိုင်ဘူးလား"

ဖုန်းမော်က ...

"ဖြစ်နိုင်ချေတော့ များတယ်၊ ဒါပေမဲ့ကွ သူတို့က တပ်ဆုတ်နေပြီလေ၊ လက်နက်တွေ အဲဒီလောက် အများကြီး ယူပြီး ပြန်ဖို့မလိုပါဘူး၊ ဒါပေမဲ့လေ လက်နက်က တစ်လုံး၊ ကျန်တစ်လုံးက ရတနာပစ္စည်းတွေလည်း ဖြစ်နိုင်တာပဲ၊ ဒီကောင်တွေက

လောဘသမားတွေ၊ ဒို့နိုင်ငံကိုတောင် လောဘတက်ပြီး သိမ်းပိုက်ထားလိုက်တာပဲကြည့်..."

"ဖုန်းမော် ပြောတာလည်း ဖြစ်နိုင်တယ်"

စိုးအောင်က ဝင်ပြီး ထောက်ခံလိုက်သည်။ ထိုအခါ ဖုန်းမော်က တစ်ချက်စဉ်းစားပြီး သူငယ်ချင်းတွေဘက်သို့ လှည့်ကာ...

"ကဲ... ဒီလိုဆိုရင် မင်းတို့တွေ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ အကြံပေးပါဦး"

ထိုအခါမင်းသိန်းက...

"ငါကတော့ သွားပြီးဖော်ထုတ်ချင်တယ်ကွ၊ နယ်မြေကလည်း မဝေးဘူး၊ တို့နိုင်ငံတွင်းမှာပဲ၊ တကယ်လို့ လက်နက်တွေဖြစ်နေရင်တော့ ဒီအတိုင်းပဲ ထားလိုက်တာပေါ့၊ ရတနာတွေဆိုရင်တော့ တို့တွေ သူဌေးဖြစ်ပြီပေါ့ကွ"

မင်းသိန်းက သူ၏အကြံအစည်ကိုထုတ်ဖော်ပြောလိုက်ရှိရင်ထဲပေါ့သွားသည်။ မင်းသိန်း၏အကြံပြုချက်ကိုစိုးအောင်နဲ့ အောင်အောင်က စဉ်းစားရင်း စကားကြာသော်...

"ဟုတ်တယ်...ကောင်းတယ်...ကိုမင်းသိန်း ပြောသလို လုပ်ကြည့်ရင် ပိုကောင်းမယ်၊ ဘယ်လိုသဘောရလဲ ဖုန်းမော်... တော်ကြာ ရတနာတွေဖြစ်နေရင် မြေကြီးထဲမှာ အလကားဖြစ်သွားမှာ နမြောတယ်ကွ..."

အောင်အောင်၏ စကားကို ကျန်သောသူငယ်ချင်းများက နည်းနည်းစဉ်းစားကာ ဖုန်းမော်ဘက်သို့ အားလုံးပြိုင်တူ ကြည့်လိုက်ကြသည်။ ထိုအခါ ဖုန်းမော်က ဒုတိယနေရာကို ဖတ်နေပြန်သည်။

ထိုနေရာကတော့ ချင်းတောင်ဘက်ဖြစ်သည်။ ၎င်းနေရာက ပိုပြီး ဝေးနေသလားလို့... ဂျပန်များတပ်ဆုတ်သောနေရာတော်တော်များများကို ဂျပန်ဗိုလ်ကြီးဆီ သတင်းများ ပို့ထား၍ ယခုလို စုဆောင်းကာ မှတ်စုရေးထားခြင်းဖြစ်သည်၊ ဂျပန်ဗိုလ်ကြီးလည်း သူ့ရဲ့အခြေအနေမဟာန်မှန်းသိ၍ ၎င်းမှတ်စုစာအုပ်ကိုလည်း သေတ္တာလေးထဲထည့်ကာ အမှတ်အသားလုပ် မြှုပ်ထားခဲ့တယ်ဆိုတာ သိရသည်၊

ယခုတော့ ၎င်းဂျပန်ဗိုလ်ကြီးလည်း သေသလား၊ ရှင်

သလား၊ ဂျပန်ပြည်ကိုပဲ ပြန်ရောက်သွားပြီလားဆိုတာ မပြော တတ်တော့ပါ။ ဒါပေမဲ့ ပစ္စည်းတွေကတော့ မြန်မာပြည်ရဲ့ရတနာ တွေဖြစ်တာမို့ မြန်မာတွေသာ ပိုင်သင့်တယ် မဟုတ်ပါလား...

အချိန်အခါပေးလို့ သူတို့ကလည်း အားလပ်မယ်၊ စိတ် တူကိုယ်တူရှိကြမယ်ဆိုရင်တော့ သူငယ်ချင်းတွေရဲ့ဆန္ဒကို မေး ပြီး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်လည်ဖော်ယူပြီး တိုင်းပြည် အတွက် အကျိုးပြုလုပ်ငန်းတွေမှာ အသုံးချသွားမည်ဟု ဖုန်းမော် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

မင်းကြော